# မြန်မာ့အလင်း

၁၂၇၅ ခုနစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ် (၀၇၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

# လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## ယနေ့ မာတိကာ

**အများသိစေရန် ကြေညာခြင်း**


ပြည်တွင်းသတင်း | စာ - ၅


**အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System - PR) အကြောင်း သိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ**


စကားဝိုင်း | စာ - ၁၀





**ပွင့်ဖြူမြို့နယ်၌ နှမ်းသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစပါးနှင့် အခြားနှမ်းသီးနှံ ကေခြောက်သောင်းကျော် စိုက်ပျိုးမည်**


စိုက်၊ မွေး၊ စီးပွား | စာ - ၂၁

# အခြေခံလူ့အခွင့်အရေးများနှင့် ငြိမ်းချမ်းသာယာသည့် လူ့ဘောင်

ကုလသမဂ္ဂက ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သည့် လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူ့သမိုင်းတစ်လျှောက်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ ထွက်ပေါ်လာသည့် လူ့အခွင့်အရေးနှုန်းစံများကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းပင် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူမှန်သမျှ တူမျှသော အခွင့်အရေးရရှိစေရန်နှင့် လူအဖြစ်ကို ရရှိလာသူ တစ်ယောက်အနေဖြင့် ပျော်ရွှင်စွာနေထိုင်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်ကြေညာရခြင်းလည်း ဖြစ်သည်။

ဤတွင် လူ့အခွင့်အရေးဟူသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားအဖြစ်နှင့် ခံယူရရှိသော နိုင်ငံသားအခွင့်အရေးမျိုး မဟုတ်ဘဲ လူတစ်ဦး၊ လူ့မိသားစုဝင် တစ်ယောက်အနေဖြင့် ခံယူရရှိသည့် အခွင့်အရေးသာလျှင်ဖြစ်ရာ လွတ်လပ်ခွင့်၏ အတိုင်းအတာသည်လည်းကောင်း၊ တူညီသော အခွင့်အရေးတို့၏ အတိုင်းအတာသည်လည်းကောင်း နေထိုင်ရာ အရပ်ဒေသ၊ နိုင်ငံတို့၏ ဓလေ့ထုံးတမ်းများနှင့် ဥပဒေများအလျောက်သာလျှင်ဖြစ်သည်ကို သတိမူကြသင့်သည်။ ကမ္ဘာ့နိုင်ငံတို့တွင် အခြေခံအားဖြင့် လူ့အခွင့်အရေးများ ရရှိနိုင်ရန် ဖြည့်ဆည်းပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို တစ်နည်းနည်းဖြင့် ဆောင်ရွက်ပေးကြသည့်တိုင် အမျိုးသားအကျိုးစီးပွားနှင့် အခြားသော အကန့်အသတ်အတားအဆီး အကြောင်းအရာများကြောင့် မည်သည့်နိုင်ငံတွင်မျှ ၎င်းတို့ပိုင်နက် နယ်နိမိတ်အတွင်းရှိနေသည့် နိုင်ငံသူ နိုင်ငံသားများအပါအဝင် လူသားအားလုံးအတွက် လူ့အခွင့်အရေးအားလုံး မရနိုင်သေးသည်ကို တွေ့ရှိနိုင်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လူ့အခွင့်အရေးနှုန်းစံများကို လေးစားလိုက်နာခြင်း၊ ပြဋ္ဌာန်းဖြည့်ဆည်းပေးခြင်းအားဖြင့် ငြိမ်းချမ်းသာယာပျော်ရွှင်ဖွယ်ရာ လူ့အဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရန်အတွက် ကမ္ဘာ့နိုင်ငံများစွာတို့နည်းတူပင် မိမိတို့မြန်မာနိုင်ငံ၌လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးစံများနှင့် ကိုက်ညီစေရန် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသကဲ့သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းရေးနှင့် ပညာပေးရေးတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

လူ့အခွင့်အရေးတို့ကို ရိုသေလေးစားရန်နှင့် အခြေခံလူ့အခွင့်အရေးများ ရရှိစေရန် မည်မျှတိုက်တွန်းကြိုးပမ်းကြစေကာမူ စစ်မက်ဖြစ်ပွားနေသော၊ တည်ငြိမ်အေးချမ်းမှုပျောက်ဆုံးနေသော အရပ်ဒေသများ၊ တိုင်းပြည်များတွင် လူ့အခွင့်အရေးသည်လည်း မှေးမှိန်ပျောက်ဆုံးနေမည် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ပေါ်ပေါက်လာခဲ့သည့် အတ္တလန္တိတ်ချာတာတွင် လူ့အခွင့်အရေးများကို ပြန်လည်ရရှိရန်နှင့် ထိုအခွင့်အရေးများကို တိုးတက်ရရှိခံစားနိုင်ရန် ငြိမ်းချမ်းရေးကို လိုလားအပ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် အခမ်းအနားအမှာစကားတွင်လည်း "နိုင်ငံသူ နိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးတွင်လည်း အဓိကကျပါကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အလေးပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း" ထည့်သွင်း ပြောကြားခဲ့သည်။

နိုင်ငံသားအားလုံး လူ့အခွင့်အရေးများ ခံစားနိုင်ရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အားလုံးပါဝင်ဆောင်ရွက်ခြင်းဖြင့်သာ ငြိမ်းချမ်းသာယာဝပြောသည့် လူ့ဘောင်တွင် လူ့အခွင့်အရေးများ ရှင်သန်နိုင်စေမည်ဖြစ်ပါကြောင်း။ ။



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂)ရှိ MSME စက်ရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၂) အတွင်းရှိ MSME စက်ရုံများ၏ လုပ်ငန်း လည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (ဖ၃)ရပ်ကွက် သံလွင်လမ်းရှိ ပွင့်ဖြူမြေပဲကြော်နှင့် စားသောက်ကုန် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက မြေပဲကုန်ကြမ်းကို ၂၄ နာရီရေစိမ်၍ အခွံချွတ်ကာ အလုပ်သမားများ၊ စက်များဖြင့် အဆင့်ဆင့်ပြုလုပ်ပြီး ပါကင်ထုပ်၍ ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိရောင်းချနေမှုများကို ရှင်းလင်းတင်ပြသည်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် Bella Interiors ကြိမ်အချောထည်လုပ်ငန်းခွင်အတွင်း ကြိမ်ကုန်ကြမ်းကို မြန်မာ့လက်မှုပညာရှင်များက အဆင့်ဆင့်ကြိမ်ချောပြုလုပ်ပြီး အလှကုန်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုအား လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရုံးအစည်းအဝေးခန်းမတွင် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် အမျိုးအစားပေါင်း ၁၀၀၀ ကျော်ထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထောင်စုလမ်းရှိ Glorious Family Co.Ltd ကြိမ်အချောထည် လုပ်ငန်းခွင်နှင့် Shwe Thandar International Co.Ltd ၏ Origano ငရုတ်ဆီ လုပ်ငန်းခွင်များ အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကုန်ကြမ်းကို စက်ပစ္စည်းများ၊ အလုပ်သမားများဖြင့် အဆင့်ဆင့်ကုန်ချောပြုလုပ်ပြီး ကြိမ်အချောထည်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှု၊ ငရုတ်ဆီများကို ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇုန် (၂) စစ်တောင်းလမ်းရှိ Global Power Co.Ltd တစ်ရှူးစက်ရုံတွင်ကုန်ကြမ်းထုတ်လုပ်ပြီး ဇုန်(၁)မူဆယ်လမ်း စက်ရုံတွင် ပရုတ်လုံး၊ ပရုတ်ပြား၊ တစ်ရှူးအမျိုးမျိုး၊ အဆင့်မြင့်အိုးတိုက်စတီးလ်ခွေ၊ နားကျပ်တံများကို ဝန်ထမ်းများ၊ စက်ပစ္စည်းများဖြင့် ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးချုပ်က ခရီးစဉ်တစ်လျှောက် ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းများ ပိုမိုအဆင်ပြေစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးရန် အခြေအနေများ၊ ပြပွဲများတွင် ဈေးကွက် ပိုမိုဖြန့်ကြက်နိုင်ရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ပေလီမြို့၌ လူငယ်များ ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်းကျင်းပ

**သံတွဲ ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် သံတွဲခရိုင် လူထုအခြေပြု ဗဟိုဌာန (Community Centre) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက ကြီးမှူး၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့က ပေလီမြို့ အထက (ပေလီ)ကျောင်း၌ ကျင်းပသည်။



ရှေးဦးစွာ သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ ဦးဖိုးရီအောင်က အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခြောက်ထပ်ကွမ်း လူရည်ချွန် ဒေါက်တာမြင့်နိုင်က ကျောင်းသား ကျောင်းသူလေးများအား စာပေနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို အသိပညာပေးဟောပြောဆွေးနွေးပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ အထက (ပေလီ)၊ အထက(ဂျိတ္တော)၊ အထက(ခွဲ) လင်းသားကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား အထက်တန်းပြဆရာမ ဒေါ်အိမ့်ဟန်နီစိုးက ဦးဆောင်၍ လူငယ်နှင့်စာပေ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ စာကြည့်တိုက်နှင့်လူငယ် ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့တွင် ဒီဇင်ဘာ ၁၀ ရက်က လူထုလမ်းလျှောက်ပွဲ ပြုလုပ်ရာ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နေလူထုများ စုပေါင်းပါဝင် လမ်းလျှောက်ကြစဉ်။

လှအောင်(ကသာ)



○ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခါသမယဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက လူသားအားလုံးအတွက် လူ့အခွင့်အရေးစံများပါဝင်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**နှစ်စဉ် ကျင်းပပြုလုပ်**

မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ရေးရပြီးမကြာမီ ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအတည်ပြု ထုတ်ပြန်နိုင်ရေးအတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲပေးခဲ့သည့်နိုင်ငံဖြစ်ပါကြောင်း၊ ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီး၌ လူ့အခွင့်အရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် ကျင်းပပြုလုပ်လေ့ရှိကြပါကြောင်း။

**အရေးပါသည့်အနှစ်သာရများ**

ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူ ရှိကြသည်"** ဟု ဖော်ပြပါရှိသကဲ့သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

**◆ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၌ "လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်" ဟု ဖော်ပြပါရှိသကဲ့သို့ လူသားအားလုံးအနေဖြင့် မိမိတို့၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှုမပြုဘဲ တန်းတူညီမျှရှိစေခြင်းတို့သည်လည်း လူ့အခွင့်အရေး၏ အရေးပါသည့် အနှစ်သာရများပင်ဖြစ်**



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့် ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ Message ကို ဖတ်ကြားစဉ်။




မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့် (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

လူသားအားလုံးအနေဖြင့် မိမိတို့၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် သူတစ်ပါး၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို အသိအမှတ်ပြုပြီး လေးစားတန်ဖိုးထားခြင်း၊ ခွဲခြားမှုမပြုဘဲ တန်းတူညီမျှရှိစေခြင်းတို့သည်လည်း လူ့အခွင့်အရေး၏ အရေးပါသည့်အနှစ်သာရများပင် ဖြစ်ပါကြောင်း။

ထို့ပြင် လူ့အခွင့်အရေးကို လက်ခံရယူကျင့်သုံးကြရာတွင်လည်း လူ့အဖွဲ့အစည်းအတွက် တရားမျှတသည့် လိုအပ်ချက်များဖြစ်သော ကိုယ်ကျင့်တရားများ၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးရမည်ဟုလည်း ယင်းကြေညာစာတမ်း၌ အထင်အရှားဖော်ပြပါရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို ကျင့်သုံးကြရာတွင် မိမိတို့၏လွတ်လပ်ခွင့်နှင့် အခွင့် အရေးများကို ရယူသကဲ့သို့ သူတစ်ပါး၏လွတ်လပ်ခွင့်နှင့် အခွင့်အရေးကိုလည်း လေးစားတန်ဖိုးထားပြီး လိုက်နာဆောင်ရွက်ရမည့်တာဝန်များ၊ ကျင့်ဝတ်များကိုလည်း လျစ်လျူမရှုကြရန်၊ မပျက်ကွက်ကြရန်လိုကြောင်း။

**ကာကွယ်စောင့်ရှောက်**

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ပါရှိသည့် လူ့အခွင့်အရေးစံများကို လေးစားသည့်အနေဖြင့် ကမ္ဘာ့နိုင်ငံအများစုသည် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အဆိုပါစံများကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း၊ အလားတူ မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင်လည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို အခန်းတစ်ခန်းအဖြစ် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် **"မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ"**ကို ပြဋ္ဌာန်းထားပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားရှိကာ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် အသိပညာပေးမှုကို မြှင့်တင်ကြပ်မတ် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး ကျင့်သုံးလိုက်နာပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဓိကသဘောတူစာချုပ်များဖြစ်ကြသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

သဘောတူစာချုပ်၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တို့တွင် စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါကြောင်း၊ အဆိုပါစာချုပ်များနှင့် ဆက်စပ်နေသည့် နောက်ဆက်တွဲ သဘောတူစာချုပ်တချို့ကိုလည်း ပါဝင်ချုပ်ဆိုထားပြီး ဖြစ်ပါကြောင်း။

**ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်နေ**

နိုင်ငံသူနိုင်ငံသားများ အခြေခံအခွင့်အရေးများကို ခံစားရရှိပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးတွင်လည်း အဓိကကျပါကြောင်း၊ ထို့ကြောင့်လည်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ဖိတ်ခေါ်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အလေးပေးဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

**လူ့အခွင့်အရေးကို တန်ဖိုးထား**

မိမိတို့နိုင်ငံ၏ တိုင်းရင်းသားများသည် ဘာသာတရားနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူမျိုး၏ ပင်ကိုစရိုက်လက္ခဏာများအရလည်း လူသားအချင်းချင်း လေးစားမှုနှင့် လူ့အခွင့်အရေးကို တန်ဖိုးထားမှုရှိသည့် နိုင်ငံနှင့် လူမျိုးများလည်းဖြစ်ပါကြောင်း၊ လူသားများ၏ကောင်းကျိုးအတွက် လူတို့ လိုက်နာအပ်သည့် အကြောင်းတရား၊ အမူအကျင့်၊ အပြောအဆို၊ အနေအထိုင် စသည့်လမ်းညွှန်ဆုံးမစကားများ၊ တစ်နည်းအားဖြင့် နီတိတို့သည်လည်းကောင်း၊ လူမှုရေးရာနှင့် ပတ်သက်သည့် သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အကြီးအကဲကျင့်ဝတ်၊ နာယကဂုဏ်အစရှိသည့် ပေါင်းသင်းဆက်ဆံမှု နယ်ပယ်အလိုက် လိုက်နာစောင့်ထိန်းအပ်သည့် ဝတ္တရားများ၊ တစ်နည်းအားဖြင့် ကျင့်ဝတ်တို့သည်လည်းကောင်း၊ လူသားများ၏ကောင်းကျိုးပွားရာ ဆောင်ကြဉ်းအပ်သည့်၊ လိုက်နာအပ်သည့် မင်္ဂလာတရားများဖြစ်သော ၃၈ ဖြာ မင်္ဂလာ၊ ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ၊ နေထိုင်ရေးမင်္ဂလာ၊ သင်ကြားရေးမင်္ဂလာ၊ ပြုစုလုပ်ကျွေးရေးမင်္ဂလာ၊ ကူညီဆောင်ရွက်ရေးမင်္ဂလာ၊ ရှောင်ကြဉ်လိုက်နာရေးမင်္ဂလာ၊ စိတ်ထားဖြူစင် မြင့်မားရေးမင်္ဂလာ၊ သည်းခံခြင်းမင်္ဂလာ၊ ခြိုးခြံခြင်းမင်္ဂလာ၊ စိတ်ထားခိုင်မာရေးမင်္ဂလာ စသည့်မြတ်မင်္ဂလာတို့သည်လည်းကောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် လက်ခံကျင့်သုံးကြသည့် ဓလေ့ထုံးတမ်းဥပဒေအဖြစ် လူအများစုက လက်ခံလိုက်နာလုပ်ဆောင်နေကြသော ကောင်းကျိုးတရားများဆိုသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အတည်ပြုထုတ်ပြန်ခဲ့သည်မှာ လာမည့် ၂၀၂၃ ခုနှစ်တွင် (၇၅) နှစ်ပြည့်မြောက်မည်ဖြစ်သည့်အတွက် ယနေ့ (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့မှစပြီး လာမည့်နှစ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အထိ တစ်နှစ်တာကာလပတ်လုံးကို လူသားအားလုံးအတွက် အရေးပါသည့် အမွေအနှစ်ဖြစ်သော ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အလေးပေး ထင်ဟပ်ဖော်ညွှန်းဂုဏ်ပြုသည့် လှုပ်ရှားဆောင်ရွက်ချက်များဖြင့် လေးစားလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ပြည်သူအားလုံးက ပိုမိုသိရှိနားလည်သဘောပေါက်ပြီး လူ့အခွင့်အရေးနှင့် ဆက်နွှယ်ပတ်သက်သည့် အပြုသဘောဆောင်သော သဘောထားအမြင်များ၊ ခံယူလိုက်နာကျင့်သုံးမှုများ ပိုမိုဖြစ်ထွန်းလာရေးအတွက် အသိပညာပေးလှုပ်ရှားမှုများနှင့်အတူ လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာစေရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Message ကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသော Video Clip ကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar National Human Rights Commission (MNHRC) Application ကို မိတ်ဆက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အားလုံးအတွက် လူ့အခွင့်အရေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

# ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၄၀၀၀ ခန့် ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

လူတစ်ဦးချင်းမှအစပြု၍ ကိုယ်ခန္ဓာကျန်းမာသန်စွမ်းပြီး စိတ်နှလုံးရွှင်လန်းစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောကအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် "၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ" များကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာလ (ဒုတိယအပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ကျင်းပသည်။




အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ စုစုပေါင်းအင်အား ၄၀၀၀ ခန့် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။ **(အပေါ်ပုံ)**

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း သတ်မှတ်လမ်းကြောင်းများ အတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exer–cises လေ့ကျင့်ခန်းများကို စုပေါင်းပါဝင် လှုပ်ရှားဆောင်ရွက်ခဲ့ကြပြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ရေသန့်ဘူး၊ Royal–D နှင့် အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ၏ အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အများသိစေရန် ကြေညာခြင်း

၁။ ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)၊ (၅၄/၂၀၂၂)၊ (၆၃/၂၀၂၂)၊ (၂၁၁/၂၀၂၂)၊ (၂၁၂/၂၀၂၂)၊ (၂၁၃/၂၀၂၂)၊ (၂၁၄/၂၀၂၂)၊ (၂၁၅/၂၀၂၂)၊ (၂၁၈/၂၀၂၂)၊ (၂၁၉/၂၀၂၂)၊ (၂၂၀/၂၀၂၂)၊ (၂၂၁/၂၀၂၂)တို့ဖြင့် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ အဂ္ဂမဟာသရေစည်သူဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့၊ မဟာသရေစည်သူဘွဲ့၊ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့၊ သီရိပျံချီဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊ သိပ္ပကျော်စွာဘွဲ့စသည့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချီးမြှင့်မည်ဖြစ်ရာ ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်တစ်ဦးမှ ကိုယ်စားသော်လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်နိုင်ရေးနှင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ ဗိုလ်ရှုခံတွင် ကျင်းပမည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေး ဖိတ်ကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆက်အသွယ်ရရှိခြင်းမရှိသေးသည့် ဘွဲ့ရရှိသူကိုယ်တိုင် (သို့မဟုတ်) ကိုယ်စားတက်ရောက်မည့် မိသားစုဝင်တစ်ဦးမှ သက်ဆိုင်ရာအခမ်းအနားများအလိုက် (၂၀-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား ဖိတ်ကြားရေးဆပ်ကော်မတီ (ပြည်ထဲရေးဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၁၂၇၁၅ )၊ (၀၆၇-၃၄၁၂၇၁၆)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြိုဆိုနေရာချထားရေးဆပ်ကော်မတီ (သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၀၈၄၃၆)၊ (၀၉ -၄၅၅၉၅၅၁၁၀)၊ (၀၉၂၀၃၅၅၀၂)

**(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)**

ဖုန်းနံပါတ် (၀၆၇-၃၄၁၂၀၅၄)၊ (၀၆၇-၃၄၁၂၆၅၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၀**

မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်(အမျိုးသမီး) ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုရှုံးထွက်ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် ကွင်းအမှတ် (၃) တို့၌ ဆက်လက်ကျင်းပသည်။





### ကြည့်ရှုအားပေး

ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော Jeng Phang နော်တောင်၊ ဒေါက်တာ ဗညား အောင်မိုးနှင့် ဇနီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

U-18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုရှုံးထွက်ပွဲစဉ်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းအမှတ် (၁) ၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

### အခမဲ့လာရောက် ကြည့်ရှုနိုင်

ဒီဇင်ဘာ ၁၁ ရက်တွင် ပြိုင်ပွဲတစ်ရက်နားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ U-18 (အမျိုးသမီး) ဘောလုံးကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ် (၃) ၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ တစ်ဧက အစို တင်း ၉၀ ကျော် ထွက်ရှိ

**တပ်ကုန်း ဒီဇင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မိုးစပါးစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၀ ရက်နံနက်ပိုင်းက အောင်မြေရိပ်သာကျေးရွာ အုပ်စု အောင်မြေရိပ်သာကျေးရွာ ကွင်းအမှတ် (၁၃၉၇) တောင်သူ ဦးအေးဖေ၏ မနောသုခမိုးစပါးစိုက်ခင်း၌ ကျင်းပသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးအောင်အေးချမ်းလွင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးထိန်လင်းဟန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူး နိုင်လင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးသည်။

တပ်ကုန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဒေသဝမ်းစာဖူလုံရေး အထွက်တိုးစပါးများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန်နှင့် မိုးစပါးစိုက်ဧရိယာများ၏ အထွက်နှုန်းကို စနစ်တကျ မှတ်တမ်းတင်နိုင်ရန် ရည်ရွယ်၍ မနောသုခမိုးစပါးစံကွက်ရိတ်သိမ်းရာ စပါးတစ်ဧကလျှင် စပါးအစိုထွက်နှုန်း ၉၃ ဒသမ ၇၅ တင်း၊ အခြောက်ထွက်နှုန်း ၈၆ တင်းဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅) ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



### စည်းလုံးညီညွတ်စွာ ယှဉ်ပြိုင်

ပထမဦးစွာ အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများကို မိတ်ဆက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၈) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသောရည်မှန်းချက်လည်း အပါအဝင်ဖြစ်ကြောင်း၊ ဝန်ထမ်းများ ကျန်းမာကြံ့ခိုင်မှသာ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာပြီး အချင်းချင်း စည်းလုံးညီညွတ်စွာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ရန် ဖြစ်ကြောင်း၊ မိမိတို့ ယှဉ်ပြိုင်သည့် အားကစားနည်း အောင်မြင်မှုရရှိစေရန် ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ဖြူစင်သန့်ရှင်းစွာ ကြိုးစားယှဉ်ပြိုင်ရန်ဖြစ်ကြောင်း၊ အရေးကြီးသည့်အချက်မှာ ပြိုင်ပွဲအောင်နိုင်ရေးအတွက် အားကစားသမား တစ်ဦးချင်းက ကျန်းမာရေးကို ဂရုပြုရန်လိုကြောင်း၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ဝန်ကြီးဌာနဂုဏ်ကို မြှင့်တင်ခြင်းလည်း ဖြစ်ကြောင်း၊ ယခုကျင်းပမည့် ပြိုင်ပွဲများကတစ်ဆင့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားအဆင့်မှသည် နိုင်ငံ့ကိုယ်စားပြု အားကစားသမားကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းမှာကြားသည်။

### ထောက်ပံ့ငွေများ ချီးမြှင့်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို အကြိုလေ့ကျင့်နေသည့်ကာလနှင့် ပြိုင်ပွဲကာလအတွင်း အင်အားပြည့်အစားအစာများ ကျွေးမွေးနိုင်ရန်နှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဘောလုံး၊ ဘော်လီဘော၊ ဖူဆယ်၊ ပိုက်ကျော်ခြင်း၊ လွန်ဆွဲ၊ အပြေးနှင့် ထုပ်ဆီးတိုး စသော အားကစားနည်း ခုနစ်မျိုးသို့ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း အားကစားသမား ၁၀၈ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း(၃)နှစ်ပြည့် အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၁၀**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၁)ပြည့်နှစ်ကို ဂုဏ်ပြုသောအားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရည်ရွယ်ထုတ်ဝေသည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ထုတ်လုပ်မှု (၃) နှစ်ပြည့် အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ဘောလုံးကွင်းဝင်း အတွင်းရှိ Myanmar Sport Hotel တွင် ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး တက်ရောက်ဂုဏ်ပြုသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးကြီး Dr. Zheng Zhihong နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုနှင့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံမှူးကြီးနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော်အသင်း၏ ဦးဆောင်နာယက၊ သံအမတ်ကြီး (ငြိမ်း) ဦးစိန်ဝင်းအောင်တို့က ဂုဏ်ပြုစကားများ ပြောကြားကြသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည့် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းမှ နှစ်နိုင်ငံ ချစ်ကြည်ရေးဆိုင်ရာ စာပေများကို ရေးသားခဲ့သော ပုဂ္ဂိုလ်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာ- တရုတ် ပူးပေါင်းဆက်ဆံရေးဗဟို အသင်း ဗဟိုအလုပ်အမှုဆောင်ဦးအေးမင်းနှင့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးရဲနိုင်စိုးကို လည်းကောင်း၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း နာယက ဦးတင်ဆန်းက မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်းဗဟို ဥက္ကဋ္ဌ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းနှင့် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း ဦးဆောင်နာယက သံအမတ်ကြီး (ငြိမ်း) ဦးစိန်ဝင်းအောင်နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း Senior Persident ဦးသစ္စာ (Mr. Li Bo Bo)တို့ကိုလည်းကောင်း ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌက ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း စာမူရှင် ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) နှင့် စာမူရှင် ဦးလှိုင်ဝင်း (မြင့်ဝေလှိုင်) ကိုလည်းကောင်း ဆုများ ချီးမြှင့်သည်။ ယင်းနောက် ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်း စာမူရှင် ဒေါက်တာ အောင်မြင့်ဦးနှင့် စုသက်မှူး (မရမ်းကုန်း)၊ ဆွေမျိုးပေါက်ဖော် စာမူရှင် ဦးကောင်းစံလင်း (ဆူးလေ)၊ ဦးသန်းထိုက်စိုး (သန့်မောင်) နှင့် ဦးလွင်မင်းဦးတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း၏ စာဖတ်ပရိသတ်တစ်ဦးက ၎င်း၏ စာပေအမြင်ကို ရှင်းလင်းပြောကြားရာ အယ်ဒီတာချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကြသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

**ဓာတ်ပုံ - ဇော်မင်းလတ်**

# (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြု တောင်ကုတ်မြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်

**တောင်ကုတ် ဒီဇင်ဘာ ၁၀**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကိုင်းရှည်ကျေးရွာရှိ အောင်သုခလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်တိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးမောင်စိန်နှင့် ရပ်မိရပ်ဖ ဦးဘလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း (၁၁၄-၁၄၅) ဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၈ ပေ၊ အရှည် ၁၄၁၈ ပေရှိပြီး ယခင်က အမာခံကျောက်ချောလမ်းကို ယခုဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဆင့်သို့ မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော်  ဒီဇင်ဘာ  ၁၀

**ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သံတွဲမြို့နှင့် တောင်ကုတ်မြို့တို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့တို့တွင် DYL ဝက်၊ ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွားနှင့် ဆိတ်မွေးမြူရေးခြံများ၊ ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ၊ ပဲပင်ပေါက်နှင့် ငွေနှင်းမှို ထုတ်လုပ်ရေးလုပ်ငန်းများ၊ တစ်သျှူးငှက်ပျော စသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သန့်ရှင်းသာယာသော မြို့/ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့/ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နှင့် မိုင်းရှူးမြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်နှင့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၉ မြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ မြို့ရွာသန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုလမ်းဆုံပန်းခြံ ပတ်ဝန်းကျင်တို့တွင် အမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာကို ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၄၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ  ၁၀**

ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**



အဆိုပါပြိုင်ပွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ် ၁၀ မြို့နယ်ရှိ ကျောင်းများမှ Grade-5 မှ Grade-9 အထိ အင်္ဂလိပ်စာထူးချွန်သူ ကျောင်းသား ကျောင်းသူ ၉၃ ဦး၊ သင်္ချာထူးချွန်သူ ကျောင်းသား ကျောင်းသူ ၉၂ ဦး စုစုပေါင်း ၁၈၅ ဦးတို့ကို အင်္ဂလိပ်စာ၊ သင်္ချာရေးဖြေနှင့် အင်္ဂလိပ်စာ ကျပန်းစကားပြောပြိုင်ပွဲဟူ၍ ခွဲခြားကာ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ပုံနှိပ်လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ကြိုးစားဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်တို့နှင့်အတူ ယမန်နေ့ ညနေပိုင်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယိုတွင် ကျင်းပပြုလုပ်သည့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ၏ ပွဲစဉ်(၁၅)ကို တက်ရောက်ကြည့်ရှုပြီး ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံတွင် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** စက်ရုံမှူးနှင့် အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ပုံနှိပ်လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ကြိုးစားဆောင်ရွက်ရေး၊ သတ်ပုံသတ်ညွှန်းက အစ မမှားယွင်းအောင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်အတည်ပြု ပုံနှိပ်ရေး၊ လုပ်ငန်းတွင် အန္တရာယ်မရှိစေရေးနှင့် လျှပ်စစ်မီးမှအစ မီးဘေးအန္တရာယ်ကာကွယ်ရေးတို့ကို ဆောင်ရွက်ထားရှိရေးနှင့် လုပ်ငန်းခွင်အတွင်း ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းနှင့်အညီ နေထိုင်တာဝန်ထမ်းဆောင်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်၊ ဓာတ်ပုံ – ဇော်မင်းလတ်**



## မချမ်းဘော့၌ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်

**မချမ်းဘော့ ဒီဇင်ဘာ ၁၀**

ကချင်ပြည်နယ် မချမ်းဘော့မြို့နယ်တွင် ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ပွဲကို ယမန်နေ့က အ.ထ.က ထရန်ဒမ်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ပူတာအိုခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွားခီရဲ့၊ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာကြီး ဦးမြင့်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပူတာအိုခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက် ညွှန်ကြားရေးမှူးက အ.ထ.က (ခွဲ) ထရန်ဒမ်းမှ အ.ထ.က ကျောင်းအဆင့်သို့ တိုးမြှင့်လာသည့်အတွက် ဒေသခံကျောင်းသူ ကျောင်းသားများအတွက် အလွန်ပင်အကျိုးရှိလာကြောင်း၊ အဆင့်တိုးလာသည်နှင့်အညီ စာသင်ခန်းများ၊ သင်ထောက်ကူများ စသည့် လိုအပ်ချက်များလည်း ရှိလာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ အဆင့်ဆင့်သို့လည်း တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ဒေသအခြေအနေ အရ ဖွံ့ဖြိုးမှု နောက်ကျခဲ့သော်လည်း လက်ရှိဒေသ ဖွံ့ဖြိုးရေးများ ဆောင်ရွက်သည့်အခါ ယခုလိုတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက်ဒေသခံများကိုယ်စား ဝမ်းမြောက်ကြောင်း၊ ကျောင်းအဆင့် တိုးမြှင့်လာသည့်အတွက် ဒေသရှိ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အားသွန်ခွန်စိုက် ကြိုးစားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အ.ထ.က ထရန်ဒမ်း ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားခြင်း၊ ရပ်မိရပ်ဖတစ်ဦးက ကျောင်းသမိုင်းအကျဉ်းများ ပြောကြားခြင်းနှင့် ကျောင်းအဆင့်တိုး အလံပေးအပ်ခြင်းများ၊ ထရန်ဒမ်းကျေးရွာ အုပ်ချုပ်ရေးမှူးက အ.ထ.က ထရန်ဒမ်းအတွက် ဆုတောင်းခံချက် တင်ပြခြင်းတို့ကို ဆောင်ရွက်ပြီး အ.ထ.က ထရန်ဒမ်း ကျောင်းသူ ကျောင်းသားများက အကပဒေသာများ ညှော့ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **ယောရွှေနီ(မချမ်းဘော့)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်း

**အုတ်တွင်း ဒီဇင်ဘာ ၁၀**

အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဆင်းပွဲကို ဘန့်ဘွေးကုန်းကျေးရွာ၌ ဒီဇင်ဘာ ၈ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်ဇင်မာမြင့်က သင်တန်းမှ ပို့ချချက်များကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် ဆက်လက်လုပ်ကိုင်သွားရန် မှာကြားသည်။ အဆိုပါသင်တန်းကို သင်တန်းသူ ၂၅ ဦးဖြင့် နိုဝင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၈ ရက်အထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်ထောက်ကူပစ္စည်းများဖြစ်သော ကတ်ကြေး၊ ကိုက်တံ၊ ပေကြိုး၊ အပ်ချည်များ၊ သင်တန်းဝတ်စုံများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ သင်တန်းဆင်းပွဲတွင် ထူးချွန်သင်တန်းသူတစ်ဦးအား အပ်ချုပ်စက်တစ်လုံး ဂုဏ်ပြုချီးမြှင့်ပြီး သင်တန်းသူများအား အထည်ချုပ်စက်ရုံများတွင် သတ်မှတ်အရည်အချင်းနှင့် ဝင်ရောက်လုပ်ကိုင်နိုင်ရန် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်းကျေးရွာနေ နီနီမာသည် ၎င်းအသုံးပြုသည့် “ချစ်သူရင်ခွင်” Facebook အကောင့်၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နေ ဝင့်ထူးထူးအောင်သည် ၎င်းအသုံးပြုသည့် “Wint Htoo Htoo Aung” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဥသျှောမြို့သစ် (၄)ရပ်ကွက်နေ သိန်းထွန်းထိုက်သည် ၎င်းအသုံးပြုသည့် “Thein Htun Htike” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ သန်းနိုင်သည် ၎င်းအသုံးပြုသည့်“U Than Naing” Facebook အကောင့်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ စန်းမောင်မြင့် (ခ) စောယွန်း(ခ) နန်းဦးလွင်သည် ၎င်းအသုံးပြုသည့် “Nann Oo Lwin” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဆကာရပ်ကွက်နေ သီရိမွန် (ခ) ပိုးဟပ်ဖြူသည် ၎င်းအသုံးပြုသည့် “Thiri Mon (ပိုးဟပ်ဖြူ)” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒီဇင်ဘာအားကစားလ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲကို အင်အား ၃၅၀၀ ကျော် ပါဝင်ဆင်နွှဲ

**မုံရွာ ဒီဇင်ဘာ ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ဒီဇင်ဘာ ၁၀ ရက် ဒုတိယပတ် လူထုလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၆ နာရီခွဲက မုံရွာမြို့ပြည်သူ့အားကစားကွင်းရှေ့၌ ပြုလုပ်ရာ စုပေါင်းလမ်းလျှောက်သူ အင်အား ၃၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

စုပေါင်းလမ်းလျှောက်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၅၀၀ ကျော်တို့ ပါဝင်ဆင်နွှဲခဲ့ကြရာ မုံရွာမြို့ ပြည်သူ့အားကစားကွင်း စုရပ်နေရာမှစတင်ကာ ဗိုလ်ချုပ်လမ်းတစ်လျှောက် ကန်သာယာ၊ ရာပြည့်ကပ်ကျော်စေတီတော် မုခ်ဦးအထိ၊ ထိုမှပြည်သူ့အားကစားကွင်းသို့ သတ်မှတ်ထားသော လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ပြည်သူ့အားကစားကွင်းအတွင်း တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ လူငယ်မောင်မယ်များ၏ ကိုယ်ကာယလေ့ကျင့်ခန်း အမှတ်စဉ်(၁)၊ အမှတ်စဉ် (၂) သရုပ်ပြမှုနှင့်အတူ သွေးပူလေ့ကျင့်ခန်း အားကစားစုပေါင်းဆောင်ရွက်သည်။

ထို့နောက် လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များက ဆီချက်ခေါက်ဆွဲ၊ လက်ဖက်ရည်များဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ကြသူများအား ကံစမ်းမဲများကို ဖောက်ပေးကြသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို အပတ်စဉ် စနေနေ့တိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စုပေါင်းလမ်းလျှောက်သူများ ပျော်ရွှင်စေရေးအတွက် ကံစမ်းမဲများလည်း အပတ်စဉ် မဲဖောက်ပေးသွားမည်ဖြစ်ကာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့၌ ဒီဇင်ဘာအားကစားလ ဒုတိယပတ် တပျော်တပါး စုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲ

**မြစ်ကြီးနား ဒီဇင်ဘာ ၁၀**
ဒီဇင်ဘာအားကစားလ လူထုအားကစား လှုပ်ရှားမှုအဖြစ် ကချင်ပြည်နယ် အစိုးရအဖွဲ့က ဦးဆောင်၍ ဒုတိယပတ်အဖြစ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၆ နာရီက မြစ်ကြီးနားမြို့၌ ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။**(အောက်ပုံ)**

ရှေးဦးစွာ လူထုစုပေါင်း လမ်းလျှောက်ပွဲကို ပြည်နယ်ပြည်သူ့အားကစားကွင်းရှေ့ စုရပ်မှ စတင်တာလွှတ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီးဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အား/ကာတိုက်တန်းလမ်းမှ ရုံးကြီးလမ်းတစ်လျှောက် ထိုမှတစ်ဆင့် သခင်နက်ဖေလမ်းအတိုင်း ပြည်သူ့အားကစားကွင်း အတွင်းသို့ဝင်ရောက်ကာ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။



ထို့နောက် ပြည်သူ့အားကစားကွင်းအတွင်း ကိုယ်လက်ကြံ့ခိုင်ရေး အတွဲအမှတ် (၁)နှင့် (၂) လေ့ကျင့်ခန်းနှင့် Fitness Dance အကတို့ဖြင့် စုပေါင်းလေ့ကျင့်ခဲ့ကြကာ အားကစားကွင်းအတွင်း လမ်းလျှောက်ပွဲ တက်ရောက်လာသူများအတွက် ပျော်ပွဲရွှင်ပွဲအဖြစ် ကစားပွဲများ ပြုလုပ်ပေးပြီး အိမ်အသုံးအဆောင်ပစ္စည်းများကို ကံစမ်းမဲနှိုက်၍ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် မြစ်ကြီးနား တက္ကသိုလ်ဝင်း သန့်ရှင်းသာယာလှပပြီး ပန်းပင်များဖြင့် ဝေဆာစိမ်းလန်းစိုပြည်စေရေး မိန်းလမ်းမတစ်လျှောက် လမ်းလယ်ကျွန်းများတွင် ရောင်စုံစက္ကူပန်းပင်များ စိုက်ပျိုးထားရှိမှု၊ ပန်းများပွင့်လန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြစ်ကြီးနားမြို့အား အစဉ်တစိုက် သန့်ရှင်းသာယာပြီး ပန်းမြို့တော်ဖြစ်လာစေရေး တွေးတောကြံဆ၍ မြို့၏ အဓိကနေရာများနှင့် လမ်းကြားများပါမကျန် အပိုင်းလိုက် စနစ်တကျစီမံချက်ရေးဆွဲဆောင်ရွက်သွားရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်တွေမြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၀**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလအား လူထုအားကစားလအဖြစ် သတ်မှတ်ပြီး စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီက စစ်တွေမြို့ ရှုခင်းသာလမ်းဆုံရှေ့၌ ကျင်းပသည်။**(အောက်ပုံ)**

စုပေါင်း လမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး စစ်တွေမြို့ ရှုခင်းသာလမ်း တြိဂံခွဆုံရှေ့မှ စတင်၍ ရှုခင်းသာလမ်းအတိုင်း ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး စစ်တွေကမ်းခြေအတွင်းသို့ဝင်ရောက်ကာ အကြောလျှော့လေ့ကျင့်ခန်းများ ဆောင်ရွက်၍ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အစီအစဉ် အတွဲအမှတ်(၁)နှင့် အမှတ်(၂)တို့ကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် စုပေါင်းလမ်းလျှောက်ပွဲ စုစုပေါင်းအင်အား ၃၀၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြပြီး ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲ

**ပုသိမ် ဒီဇင်ဘာ ၁၀**
တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလအား လူထုလှုပ်ရှား အားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်း စုပေါင်းလမ်းလျှောက်ပွဲအား ယနေ့နံနက်ပိုင်းက ရွှေရုပ်တုအဝိုင်းရှေ့တွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများပါဝင်ဆင်နွှဲခဲ့ကြသည်။ **(အပေါ်ပုံ)**

စုပေါင်းလမ်းလျှောက်ပွဲအား ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလ လမ်းမကြီးအတိုင်း ကိုးသိန်းအားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများအား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အပါအဝင် အင်အား ၂၁၀၀ ခန့်က တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၆ မြို့နယ် အသက် ၂၅ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးခဲ့ကြပြီး ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**


**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး**

# အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System-PR) အကြောင်းသိကောင်းစရာ စကားဝိုင်းဆွေးနွေးပွဲ

**Presenter**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြဝတီရုပ်မြင်သံကြားဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (Proportional Representation – PR) ပြောင်းလဲကျင့်သုံးနိုင်ရေး စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်ကို တင်ဆက်သွားမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ပါဝင်ဆွေးနွေးပေးဖို့ ဖိတ်ကြားထားသူကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ဖြစ်ပါတယ်။ အစီအစဉ်တင်ဆက်သူအဖြစ် ကျွန်တော် ဦးကျော်ဆွေအောင်နှင့် ကျွန်မ ဒေါ်ဖြိုးထက်ထက်အောင်တို့က ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**Presenter**။ ။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သမ္မတရွေးကောက်ပွဲများ၊ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ၊ မြူနီစီပယ်ရွေးကောက်ပွဲများ၊ ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ရွေးကောက်ပွဲများကို ကျင်းပရာတွင် မိမိနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံ၏ နိုင်ငံရေးသမိုင်းကြောင်းအခြေအနေတို့အပေါ်မူတည်၍ ရွေးကောက်ပွဲစနစ်များကို ရွေးချယ်ကျင့်သုံးကြောင်း သိရှိရပါတယ်။ ရွေးကောက်ပွဲစနစ်တစ်မျိုးတည်းကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်လျှင် ရွေးကောက်ပွဲစနစ်တစ်မျိုးစီ ခွဲခြားကျင့်သုံးခြင်း၊ လွှတ်တော်တစ်ရပ်တည်းတွင် ကိုယ်စားလှယ်အရေအတွက်ခွဲခြား၍ ရွေးကောက်ပွဲစနစ်နှစ်မျိုး ပေါင်းစပ်ကျင့်သုံးခြင်း၊ ကျင့်သုံးခဲ့သည့်ရွေးကောက်ပွဲစနစ်များကို ပြန်လည်သုံးသပ်၍ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးခြင်းစသည်ဖြင့် မိမိနိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်များကို ကျင့်သုံးဆောင်ရွက်လေ့ရှိကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် ကမ္ဘာ့နိုင်ငံများမှာ ကျင့်သုံးတဲ့ရွေးကောက်ပွဲစနစ်များနှင့် နိုင်ငံအရေအတွက် မည်မျှ ရှိကြောင်း ပထမဦးစွာ ရှင်းပြပေးပါခင်ဗျား။

**ဦးခင်မောင်ဦး**။ ။ ရွေးကောက်ပွဲစနစ်ဆိုင်ရာကျွမ်းကျင်သူများ၏ အဆိုအရ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ရွေးကောက်ပွဲစနစ်အုပ်စု လေးစုရှိပါတယ်။ ဗဟုအများစု ကိုယ်စားပြုစနစ်အုပ်စု (Plurality / Majority System)၊ အချိုးကျကိုယ်စားပြုစနစ်အုပ်စု (Proportional Representation System)၊ ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation) နှင့် အခြားစနစ်အုပ်စု (Others System) တို့ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။




**ဗဟုအများစုကိုယ်စားပြုစနစ်အုပ်စုတွင်** မဲအများဆုံးရသူအနိုင်ရစနစ် (First Past The Post –FPTP)၊ နှစ်ကျော့ပြန်စနစ် (Two Round System–TRS)၊ ကြိုက်နှစ်သက်မှုဦးစားပေးစနစ် (Alternative Vote – AV)၊ ကိုယ်စားလှယ်ဗဟိုပြုစနစ် (Block Vote – BV)၊ ပါတီဗဟိုပြုစနစ် (Party Block Vote – PBV) တို့ပါဝင်ကြောင်း သိရှိရပါတယ်။

**အချိုးကျကိုယ်စားပြုစနစ်အုပ်စုတွင်** စာရင်းအလိုက်အချိုးကျကိုယ်စားပြုစနစ် (List PR)နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းမဲပေးစနစ် (Single Transferable Vote– STV) တို့ပါဝင်ကြောင်း သိရှိရပါတယ်။

**ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ်အုပ်စုတွင်** ရောနှောထားသော အချိုးကျကိုယ်စားပြုစနစ် (Mixed Member Proportional Representation– MMP)နှင့် ပူးတွဲယှဉ်ပြိုင်စနစ် (Parallel System)တို့ဖြစ်ကြောင်း သိရှိရပါတယ်။

**အခြားစနစ်အုပ်စုမှာတော့** လွှဲပြောင်း၍မရသော တစ်မဲတည်းမဲပေးစနစ် (Single Non Transferable Vote – SNTV)၊ ကန့်သတ်မဲပေးစနစ် (Limited Vote – LV)နှင့် ဦးစားပေးအချိုးကျစနစ် (Borda Count–BC) တို့ပါဝင်ပြီး နိုင်ငံအနည်းငယ်မှာ ကျင့်သုံးကြောင်း သိရှိရပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှာ ဗဟုအများစုစနစ် ကျင့်သုံးတဲ့ နိုင်ငံပေါင်း ၇၄ နိုင်ငံ၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးတဲ့ နိုင်ငံပေါင်း ၁၁၁ နိုင်ငံနှင့် အခြားစနစ်များကျင့်သုံးတဲ့ နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း သိရှိရပါတယ်။

**Presenter**။ ။ **ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ရော ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေမှာ ဘယ်လို ရွေးကောက်ပွဲ စနစ်ကျင့်သုံးခဲ့သလဲ၊ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေအပေါ်မှာ ဆရာ့အမြင်နဲ့ သုံးသပ်ပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး**။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျင်းပတဲ့ ပါလီမန်ခေတ်ရွေးကောက်ပွဲများ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ် ရွေးကောက်ပွဲတွေမှာ မဲအများဆုံးရသူအနိုင်ရသည့်စနစ် (First Past The Post– FPTP)စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ FPTP စနစ်ရဲ့ သဘောကတော့ မဲဆန္ဒနယ်တစ်ခုမှာ ဆန္ဒမဲအများဆုံးရရှိသူ လွှတ်တော်ကိုယ်စားလှယ်လောင်း







တစ်ဦးတည်းကိုသာ ရွေးကောက်တင်မြှောက်တဲ့စနစ်ဖြစ်တဲ့အတွက် အနိုင်မရတဲ့ ကိုယ်စားလှယ်လောင်းများရတဲ့မဲတွေ အလဟဿ၊ အဟောသိကံဖြစ်ခြင်းနဲ့ ၎င်းတို့ကို ဆန္ဒမဲပေးခဲ့ကြတဲ့ မဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှု ပျောက်ဆုံးတဲ့သဘောကို တွေ့ရှိရပါတယ်။

ဒ့ါအပြင် အနိုင်ရပါတီတစ်ခုရရှိသောမဲနှင့် ရရှိသည့် ကိုယ်စားလှယ်နေရာမှာ အချိုးအစား ကွာဟမှုများစွာရှိနေတာကို တွေ့ရှိရပါတယ်။

**၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင် အနိုင်ရပါတီရရှိသည့် မဲရာခိုင်နှုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ရရှိမှုရာခိုင်နှုန်း**

| စဉ် | ရွေးကောက်ပွဲ | အနိုင်ရပါတီ ရရှိသည့်မဲနှင့် ကိုယ်စားလှယ်နေရာ ရရှိမှု | | မှတ်ချက် |
|---|---|---|---|---|
| | | ရရှိသည့်မဲ ရာခိုင်နှုန်း | ကိုယ်စားလှယ် နေရာရရှိမှုရာခိုင်နှုန်း | |
| ၁ | ၂၀၁၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ | ၅၆.၇ % | ၇၈.၅ % | |
| ၂ | ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ | ၅၇.၂ % | ၇၉ % | |


FPTP စနစ်နဲ့ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒရှင်တွေပေးတဲ့ မဲစုစုပေါင်းရဲ့ ၅၆ ဒသမ ၇ ရာခိုင်နှုန်းရရှိတဲ့ပါတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၈ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ အလားတူ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်တွေပေးတဲ့ မဲစုစုပေါင်းရဲ့ ၅၇ ဒသမ ၂ ရာခိုင်နှုန်း ရရှိတဲ့ပါတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၉ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရတဲ့အပြင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၀ ကျော်အနက် ၂၃ ပါတီသာ လွှတ်တော်မှာ နေရာရရှိခဲ့ပါတယ်။

လက်ရှိကျင့်သုံးနေတဲ့ FPTP စနစ်မှာ မဲဆန္ဒရှင်တွေပေးလိုက်တဲ့မဲများဟာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကိုယ်စားလှယ်လောင်းအားလုံးထံသို့ ပျံ့နှံ့ရောက်ရှိသွားသော်လည်း မဲအများဆုံးရရှိတဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးတည်းကသာ အနိုင်ရရှိခြင်း ဖြစ်ပါတယ်။ အဆိုပါ ကိုယ်စားလှယ်လောင်းဟာ ၎င်းကို မဲမပေးခဲ့သူများ အပါအဝင်ဖြစ်တဲ့ မဲဆန္ဒရှင်အားလုံး ၁၀၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသကဲ့သို့ဖြစ်ပြီး အခြားသော ကိုယ်စားလှယ်များရရှိခဲ့တဲ့ မဲများဟာ အလဟဿဖြစ်သွားတာ တွေ့ရပါတယ်။ ဒီစနစ်အရ ဆောင်ရွက်ရာမှာ အချို့မဲဆန္ဒနယ်တွေဆိုရင် ပါတီတစ်ခုမှ

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*


ကိုယ်စားလှယ်လောင်းတွေဟာ မဲဆန္ဒရှင်အများစုရဲ့ထောက်ခံမှု မရရှိခဲ့ပေမယ့် မဲအနည်းငယ်အသာဖြင့် အနိုင်ရရှိသွားတဲ့သဘောကို တွေ့ရှိခဲ့ရပါတယ်။ ဥပမာအနေနဲ့ FPTP စနစ်ရဲ့ ဆန္ဒမဲရရှိမှု နမူနာပုံစံများကို ပြသလိုပါတယ်။




ဒီနမူနာတွေကို ကြည့်ခြင်းအားဖြင့် ၅၀ ရာခိုင်နှုန်းနဲ့ ၅၀ ရာခိုင်နှုန်းအောက်သာရရှိတဲ့ ကိုယ်စားလှယ်လောင်းများက မဲဆန္ဒနယ်တစ်ခုလုံးရဲ့ ကိုယ်စားပြုမှုရရှိတာဖြစ်လို့ အလဟဿ အဟောသိကံဖြစ်သွားတဲ့ ဆန္ဒမဲများစွာ ရှိနေတာတွေ့ရမှာ ဖြစ်ပါတယ်။ Total အချုပ်ဇယားကိုကြည့်ရင်လည်း ဆန္ဒမဲအားလုံးရဲ့ ၅၇ ရာခိုင်နှုန်းကသာ တန်ဖိုးနဲ့ သက်ရောက်မှုရှိပြီး ကျန် ၄၃ ရာခိုင်နှုန်းတန်ဖိုးနဲ့ သက်ရောက်မှုလုံးဝမရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် FPTP စနစ်နဲ့ ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ အနိုင်ရတဲ့လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ မှန်ကန်မျှတတဲ့ကိုယ်စားပြုမှုကို ဖော်ဆောင်နိုင်ပါရဲ့လားလို့ မေးခွန်းထုတ်စရာ တွေ့ရှိရပါတယ်။

**Presenter ။ ။ ဟုတ်ကဲ့ဆရာ၊ FPTP စနစ်မှာ မဲဆန္ဒရှင်တွေရဲ့ ထောက်ခံဆန္ဒမဲတွေဟာ မျှတတဲ့ ကိုယ်စားပြုမှုမရနိုင်တာကို တွေ့ရတဲ့အတွက် ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေတဲ့ အချိုးကျကိုယ်စားပြုစနစ် အကြောင်းကိုလည်း မဲဆန္ဒရှင်များ သိရှိသွားအောင် ရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။ ။** အချိုးကျကိုယ်စားပြုစနစ်ဆိုတာ တစ်ဦးထက်ပိုတဲ့ ကိုယ်စားလှယ်တွေ ရွေးဖို့အတွက် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါတယ်။ နိုင်ငံရေးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလများရရှိတဲ့ ဆန္ဒမဲအရေအတွက်အပေါ်မူတည်ပြီး လွှတ်တော်ကိုယ်စားလှယ်နေရာများကို အချိုးကျခွဲဝေရရှိနိုင်တဲ့ ရွေးကောက်ပွဲစနစ်တစ်ခု ဖြစ်ပါတယ်။ ဒီစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ခံရနိုင်ပါတယ်။ မဲဆန္ဒရှင်များအနေနဲ့ ၎င်းတို့ပေးလိုက်တဲ့ မဲများဟာ ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် မဲပေးနှုန်း (Voter turnout) ကိုလည်း မြင့်မားစေပါတယ်။ PR စနစ်အသုံးပြုတဲ့အတွက် အဟောသိကံ၊ အလဟဿဖြစ်တဲ့ မဲအရေအတွက် နည်းပါးသွားမည်ဖြစ်ပါတယ်။ PR စနစ်ကြောင့် ပါတီများ ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ တိုင်းရင်းသားပါတီများ၊ ပါတီငယ်များနှင့် လူနည်းစုများ ပိုမိုရွေးကောက်ခံရနိုင်ခြင်းတို့ကြောင့် အများစုပါဝင်တဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥပဒေပြုအဖွဲ့များမှာလည်း ပါတီများမှ ကိုယ်စားလှယ်များ ပိုမိုပါဝင်လာခွင့် ရရှိလာမှာဖြစ်တယ်။





အချိုးကျကိုယ်စားပြုစနစ်များစွာရှိတဲ့အနက် လေ့လာတွေ့ရှိချက်များအရ အဓိကပုံစံနှစ်မျိုးကို တွေ့ရှိရပါတယ်။ ပါတီအမည်ကိုမူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ် (Party List PR System–LPR) နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote–STV)တို့ ဖြစ်ပါတယ်။

**Presenter ။ ။ ဟုတ်ကဲ့ပါ၊ PR အုပ်စုထဲက List PR အကြောင်းရှင်းပြပေးပါခင်ဗျား။**

**ဦးခင်မောင်ဦး။ ။ ပါတီအမည်ကို မူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR)** ဟာဆိုရင် PR စနစ်မှာ အသုံးအများဆုံးစနစ် ဖြစ်ပါတယ်။ ဒီစနစ်အရ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီ အသီးသီးဟာ မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ရမယ့် တူညီတဲ့ ကိုယ်စားလှယ်လောင်း အရေအတွက်အတိုင်း ကော်မရှင်သို့ အမည်စာရင်းတင်သွင်းရမှာဖြစ်ပြီး တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီများဟာ မိမိတို့ရရှိတဲ့ ဆန္ဒမဲအရေအတွက်အတိုင်း အချိုးကျကိုယ်စားပြုခွင့် ရရှိမှာဖြစ်ပါတယ်။

ဒီ Party List Voting စနစ်မှာပါတီကိုသာ ရွေးချယ်မဲပေးတဲ့စနစ် (Closed List)နဲ့ ပါတီနဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်တဲ့စနစ်(Open List)ဆိုပြီး အဓိက နှစ်မျိုးရှိပါတယ်။ ဒ့ါအပြင် လွတ်လပ်စွာ မဲပေးနိုင်တဲ့ Free List ဆိုတာလည်းရှိပြီး အသုံးနည်းပါတယ်။ ပါတီကိုသာရွေးချယ်မဲပေးတဲ့စနစ် (Closed List)ဟာ Party List Voting ရဲ့ မူလပုံစံဖြစ်ပါတယ်။ ဒီစနစ်အရ ကျင်းပတဲ့ ရွေးကောက်ပွဲများမှာ မဲဆန္ဒရှင်တွေအနေနဲ့




**❝အချိုးကျကိုယ်စားပြုစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်တင်မြှောက်ခံရနိုင်ပါတယ်။ မဲဆန္ဒရှင်များအနေနဲ့ ၎င်းတို့ပေးလိုက်တဲ့ မဲများဟာ ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် မဲပေးနှုန်း (Voter turnout) ကိုလည်း မြင့်မားစေပါတယ်။ PR စနစ်အသုံးပြုတဲ့အတွက် အဟောသိကံ၊ အလဟဿဖြစ်တဲ့ မဲအရေအတွက် နည်းပါးသွားမည်ဖြစ်ပါတယ်။ PR စနစ်ကြောင့် ပါတီများ ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ တိုင်းရင်းသားပါတီများ၊ ပါတီငယ်များနှင့် လူနည်းစုများ ပိုမိုရွေးကောက်ခံရနိုင်ခြင်းတို့ကြောင့် အများစုပါဝင်တဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာနိုင်ပါတယ်။ ဥပဒေပြုအဖွဲ့များမှာလည်း ပါတီများမှ ကိုယ်စားလှယ်များ ပိုမိုပါဝင်လာခွင့် ရရှိလာမှာဖြစ်တယ်❞**

ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းကို တိုက်ရိုက်မဲပေး ရွေးချယ်ခွင့်မရှိဘဲ ပါတီကိုသာ မဲပေးရပါတယ်။ မိမိနှစ်သက်ရာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းကိုလည်း မဲပေးနိုင်ပါတယ်။ ပါတီများကရရှိတဲ့ ဆန္ဒမဲပေါ်မူတည်ပြီး မူလတင်သွင်းထားတဲ့ ဦးစားပေး အစီအစဉ်အတိုင်း ကိုယ်စားလှယ်များရရှိကြမှာ ဖြစ်ပါတယ်။

ဒီစနစ်မှာ ယှဉ်ပြိုင်တဲ့ပါတီတွေအတွက် ကိုယ်စားလှယ်နေရာခွဲဝေပုံ တွက်ချက်နည်း အမျိုးမျိုး ရှိတာကို တွေ့ရှိရပါတယ်။ အလွယ်ကူဆုံးနဲ့ အသုံးအများဆုံး တွက်ချက်နည်းကတော့ အကြွင်းမဲ (လက်ကျန်မဲ) အများဆုံးကိုယူတဲ့ ပုံသေနည်း (The Largest Remainder Formula) ဖြစ်ပါတယ်။ ဒီနည်းလမ်းမှာ Quota ကို အရင်သိထားဖို့လိုအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရဖို့အတွက် အနည်းဆုံး ရရှိရမယ့် ခိုင်လုံမဲကို Quota သို့မဟုတ် Threshold လို့ ဆိုပါတယ်။ အသုံးများတဲ့တွက်နည်းအချို့ကတော့ Droop Quota နဲ့ Hare Quota ပဲဖြစ်ပါတယ်။ Droop Quota Method ကတော့ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက် + ၁ နဲ့ စားပြီး ရတဲ့ရလဒ်ကို + ၁ ထပ်ပေါင်းခြင်းပဲ ဖြစ်ပါတယ်။

$$\text{ကိုယ်စားလှယ်တစ်ဦးအတွက် အနည်းဆုံးရရှိရမည့် အခြေခံမဲ (Threshold)} = \frac{\text{(ခိုင်လုံမဲစုစုပေါင်း)}}{\text{(ကိုယ်စားလှယ်အရေအတွက် + ၁)}} + ၁$$

ပဲ ဖြစ်ပါတယ်။ Hare Quota Method ကတော့ ခိုင်လုံမဲစုစုပေါင်းကို ကိုယ်စားလှယ်အရေအတွက်နဲ့ စားခြင်းပဲဖြစ်ပါတယ်။ လာမည့်ရွေးကောက်ပွဲမှာ Droop Quota Method ကို အသုံးပြုမှာဖြစ်ပါတယ်။

ပထမအဆင့်အနေနဲ့ ခိုင်လုံမဲအရေအတွက်စုစုပေါင်းကို ကိုယ်စားလှယ်လောင်းနေရာ စုစုပေါင်း +၁ နှင့်စားပြီး ရလဒ်မှာ + ၁ ထပ်ပေါင်းခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်လောင်းတစ်ဦး မဖြစ်မနေရရှိရမယ့် ခိုင်လုံမဲအရေအတွက် Threshold ကို သတ်မှတ်ပါတယ်။ ဥပမာ– ဆန္ဒမဲအရေအတွက် စုစုပေါင်း (၁၀၀၀၀၀) ဖြစ်ပြီး ကိုယ်စားလှယ်နေရာ ကိုးနေရာဖြစ်မယ်ဆိုရင် ကိုယ်စားလှယ်တစ်ဦးရရှိရမယ့် မဲဝေစု (quota) ဟာ (၁၀၀၀၁) ဖြစ်ပါတယ်။ သက်ဆိုင်ရာပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလများအနေနဲ့ မဲဝေစု တစ်စုလျှင် ကိုယ်စားလှယ်တစ်နေရာနှုန်း ကိုယ်စားပြုရရှိမှာဖြစ်ပါတယ်။ ဒီလိုကိုယ်စားလှယ်နေရာများကို တွက်ချက်ခွဲဝေရာမှာ ပါတီမှာဖြစ်စေ၊ တစ်သီးပုဂ္ဂလမှာဖြစ်စေ မဲဝေစုတစ်စုမပြည့်သော မဲလက်ကျန် Remainder များရှိနေတတ်ပါတယ်။ အလားတူ အဲဒီမဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်နေရာများလည်း ကျန်နေတတ်ပါတယ်။ ဒါကြောင့် ဒုတိယအဆင့်အနေနဲ့ကျန်ရှိနေတဲ့ ကိုယ်စားလှယ်နေရာကို မဲဝေစု တစ်စုမပြည့်ဘဲကျန်ရှိနေသည့် မဲလက်ကျန်အများဆုံးပါတီ သို့မဟုတ် တစ်သီးပုဂ္ဂလများအလိုက် ထပ်မံ၍ ခွဲဝေရရှိမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ပါတီများဟာ မိမိတို့ရရှိတဲ့ မဲအရေအတွက် ရာခိုင်နှုန်းနဲ့ အနီးစပ်ဆုံးသော ကိုယ်စားလှယ်နေရာအရေအတွက်ကို ရရှိမှာဖြစ်ပါတယ်။

PR စနစ်ကျင့်သုံးတဲ့ နိုင်ငံတော်တော်များများမှာ Electoral Threshold ကို ကျင့်သုံးပါတယ်။ Threshold ရာခိုင်နှုန်းကိုတော့ တစ်နိုင်ငံတစ်မျိုး စိတ်ကြိုက်သတ်မှတ်ပါတယ်။ ဥပမာ – တောင်ကိုရီးယားနိုင်ငံအပါအဝင် ၁၄ နိုင်ငံသည် Threshold ၅ ရာခိုင်နှုန်း ထားပါတယ်။ ဂျာမနီအပါအဝင် ၂၆ နိုင်ငံကတော့ ခြောက်ရာခိုင်နှုန်း ထားပါတယ်။ ဒီလိုထားမယ်ဆိုရင် မဲဆန္ဒနယ်တစ်ခုမှာ ခိုင်လုံမဲ ငါးရာခိုင်နှုန်းမှ မရတဲ့ပါတီဟာ ကိုယ်စားလှယ်တစ်ဦးမှ မရတာဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံဖြစ်လို့ တိုင်းရင်းသားလူမျိုးစုပါတီများ၊ ပါတီငယ်များမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရနိုင်ရေးအတွက် Electoral Threshold ရာခိုင်နှုန်းမသတ်မှတ်ဘဲ ကိုယ်စားလှယ်တစ်ဦး အနည်းဆုံးရရှိရမည့် ခိုင်လုံမဲ Quota ကိုပဲ Threshold သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပါတီနဲ့ကိုယ်စားလှယ်လောင်းကို မဲပေးနိုင်တဲ့စနစ် (Open List) မှာတော့ မဲဆန္ဒရှင်များအနေနဲ့ ပါတီကိုသာမက မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းကိုပါ တိုက်ရိုက်မဲပေးရွေးချယ်ခွင့်ရှိပါတယ်။ ကိုယ်စားလှယ်လောင်းကရရှိသောမဲများဟာ ၎င်းရဲ့ပါတီရရှိသောမဲများဖြစ်ပါတယ်။ မဲအများဆုံးရရှိတဲ့ ကိုယ်စားလှယ်လောင်းများဟာ ၎င်းရဲ့ပါတီစာရင်းမှာ ထိပ်ဆုံးနေရာကနေ အစဉ်လိုက် ရွေးချယ်ခံရမှာ ဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မိုးခေါင်မှုနှင့် ပဋိပက္ခများကြောင့် ဆိုမာလီယာ၌ နှစ်နှစ်အတွင်း ရွှေ့ပြောင်းနေထိုင်သူ ၂ ဒသမ ၄ သန်းကျော်အထိရှိလာ



ဆိုမာလီယာရှိ ကယ်ဆယ်ရေးစခန်းတစ်ခုမှ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

**မိုဂါဒစ်ရှူး ဒီဇင်ဘာ ၁၀**

ဆိုမာလီယာနိုင်ငံတွင် ၂၀၂၁ ခုနှစ်မှစတင်ကာ ဆိုးရွားသည့် မိုးခေါင်မှုနှင့် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၂ ဒသမ ၄ သန်းကျော်အထိ ရှိလာသည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဒီဇင်ဘာ ၉ ရက်တွင် ပြောသည်။

မိုးခေါင်မှုကြောင့် လူပေါင်း ၁ ဒသမ ၃သန်းမှာ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် အစားအသောက်ရှာဖွေရေးအတွက် နေရပ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ကြရပြီး ၁ ဒသမ ၁ သန်းမှာ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်ခဲ့ကြခြင်းဖြစ်သည်။ ဆိုမာလီယာအမျိုးသမီးများ၊ ကလေးများနှင့် အမျိုးသားများမှာ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်မှုများနှင့် ယခင်ကတည်းက ကြုံတွေ့ခံစားရပြီးဖြစ်သည်။ ဆိုးရွားသည့် မိုးခေါင်မှုနှင့် အစားအသောက်ရှားပါးမှုတို့ကြောင့် ယခင်ရှိပြီးသား ခြိမ်းခြောက်မှုများမှာ ပို၍တိုးလာခဲ့သည်ဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောသည်။

ဆိုမာလီယာနိုင်ငံသည် သမိုင်းတွင် အဆိုးရွားဆုံးမိုးခေါင်မှုနှင့် ကြုံတွေ့နေရသည်။ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် အာဟာရချို့တဲ့မှုတို့ကြောင့် အသက်ဆုံးရှုံးနိုင်သည့် အန္တရာယ်များနှင့်လည်း ကြုံတွေ့နေရသည်။

**ဆင်ဟွာ**

## နယ်သာလန်နိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ခု တည်ဆောက်ရန် စီစဉ်ထား

**သည်ဟိတ် ဒီဇင်ဘာ ၁၀**

၂၀၃၅ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံ တည်ဆောက်ရန်စီစဉ်ထားမှုကို ဒီဇင်ဘာ ၉ ရက်တွင် နယ်သာလန်အစိုးရက ကြေညာခဲ့သည်။

အဆိုပါ နျူကလီးယားဓာတ်အားပေးစက်ရုံများသည် တိုင်းပြည်၏စုစုပေါင်း လျှပ်စစ်လိုအပ်ချက် ၉ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးနိုင်မည်ဖြစ်သည်။ တတိယမျိုးဆက် နျူကလီးယားဓာတ်အားပေးစက်ရုံနှစ်ရုံမှာ ၁၀၀၀ မဂ္ဂါဝပ်မှ ၁၆၅၀ မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်ဟု အစိုးရကသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အနောက်ဘက်အကျဆုံး ပြည်နယ်ဖြစ်သည့် ဇီလန် ရှိ ဘော်ရက်ဆဲကျေးရွာတွင် စက်ရုံသစ်များကို တည်ဆောက်သွားမည်ဖြစ်သည်။ ယင်းဒေသ၌ နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ရုံလည်း ရှိနှင့်ပြီးသားဖြစ်သည်။ အဆိုပါ နျူကလီးယား ဓာတ်အားပေးစက်ရုံမှာ နယ်သာလန်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၃ ရာခိုင်နှုန်းကိုသာ ဖြည့်စွမ်းပေးနိုင်သည်။ အစိုးရသည် ရှိပြီးသားနျူကလီးယား ဓာတ်အားပေးစက်ရုံများကို သက်တမ်းတိုးချဲ့သွားရန် စီစဉ်ထားရာ ၂၀၃၃ ခုနှစ်အထိ အဆိုပါစက်ရုံများလည်းပတ်နိုင်မည်ဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

နယ်သာလန်နိုင်ငံသည် ရာသီဥတုဆိုင်ရာ ရည်မှန်းချက်အတိုင်း ပြည့်မီရန်နှင့် ၂၀၄၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ဓာတ်အားအတွက် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုမရှိစေရေးအတွက် ရည်ရွယ်၍ နျူကလီးယားစွမ်းအင်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**



အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ် တိုက်ခတ်စဉ်။

## အိန္ဒိယနိုင်ငံ တမီးလ်နာဒူး၌ ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ်ကြောင့် လေးဦးသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ်ကြောင့် ဒီဇင်ဘာ ၁၀ ရက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

လေပြင်း တိုက်ခတ်မှုများကြောင့် သစ်ပင်များ အမြစ်မှလဲပြိုခြင်း၊ ရေကြီးခြင်းများ ဖြစ်ပေါ်ခဲ့ရာ လူလေးဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

လူလေးဦးထက် မနည်း သေဆုံးခဲ့ပြီး နေအိမ် ၁၈၁ လုံး ပျက်စီးခဲ့ရသည်။ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ချန်နိုင်းတွင် သစ်ပင် ၄၀၀ ခန့် အမြစ်မှ လဲပြိုသွားခဲ့ကြောင်း တမီးလ်နာဒူးပြည်နယ်ဝန်ကြီးချုပ် အမ်အေစတာလင်က မီဒီယာများသို့ ပြောသည်။

မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ တမီးလ်နာဒူးပြည်နယ်ဝန်ကြီးချုပ် သွားရောက်ခဲ့ပြီး အစားအသောက်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခဲ့သည်။

ချန်နိုင်းရှိ မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့လည်း သွားရောက်ကာ အစားအသောက်များ ဖြန့်ဝေပေးခဲ့သည်။ ဒီဇင်ဘာ ၉ ရက် ညပိုင်းတွင် တမီးလ်နာဒူး ကမ်းရိုးတန်းသို့ ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး လေပြင်းများ တစ်နာရီလျှင် ၇၅ ကီလိုမီတာ တိုက်ခတ်ခဲ့သည်။ အဆိုပါ မုန်တိုင်းမှာ ယခုအခါ လေဖိအားနည်း ရပ်ဝန်းအဖြစ် အားပျော့သွားပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့သို့ လှူဒါန်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း




ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၀**

ကမ္ဘာ့အဖွဲ့အစည်း၏ ဗဟို အရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (စီအီးအာအက်ဖ်)သို့ လှူဒါန်းရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဒီဇင်ဘာ ၉ ရက်တွင် တိုက်တွန်းထားကြောင်း သိရသည်။

လွန်ခဲ့သည့် ၁၆ နှစ်က အဖွဲ့ဝင်နိုင်ငံ ၁၄၀၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ လေ့လာသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအလှူရှင်များက ဗဟိုအရေးပေါ် တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့သို့ လှူဒါန်းခဲ့ကြကြောင်း၊ သို့သော်လည်း အမှန်တကယ် လိုအပ်နေသည့် လူအရေအတွက်မှာ ဆယ်ဆမြင့်တက်လာကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်က မှတ်ချက်ပြုပြောကြားသည်။

အထွေထွေညီလာခံမှ အသိအမှတ် ပြုထားသည့်အတိုင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံ လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ မကြာသေးမီနှစ်များအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် စံချိန်တင်အဆင့်သို့ တိုးလာခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၄၀၈ ဦး တွေ့ရှိ

**ဟနွိုင်း ဒီဇင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူသစ် ၄၀၈ ဦး တွေ့ရှိရာ ယမန်နေ့ကထက် ၈၈ ဦး လျော့နည်းလာကြောင်း နိုင်ငံ၏ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

နောက်ထပ် ကူးစက်ခံရသူအားလုံးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၁၁၅၂၀၄၄၅ ဦး ရှိကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ မရှိသော်လည်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၁၇၈ ဦးရှိပြီဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက်အထိ အသက်ရှူ အထောက်အကူပြုကိရိယာ လိုအပ်နေသူ ၆၈ ဦးရှိပြီး စုစုပေါင်း ကူးစက်ခံရသူ၏ ၉၂ ရာခိုင်နှုန်းမှာ ရောဂါကင်းစင်၍ ပြန်လည် ကျန်းမာလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံတွင် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၂၃ ဒသမ ၁ သန်းကျော် ထိုးနှံပေးခြင်းအပါအဝင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၂၆၄ ဒသမ ၉ သန်းနီးပါး ထိုးနှံပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**



ဗီယက်နမ်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# အမေရိကန်တွင် အပတ်စဉ် တုပ်ကွေးကြောင့်ဆေးရုံတက်ရသည့် လူနာပေါင်း ၂၅၀၀၀ ကျော်ရှိ

**နယူးယောက် ဒီဇင်ဘာ ၁၀**



အမေရိကန် ပြည်ထောင်စုတွင် အပတ်စဉ် တုပ်ကွေးကြောင့် ဆေးရုံတက်ရသည့် လူနာဦးရေမှာ ၂၅၀၀၀ ကျော် ရှိသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ)၏ ထုတ်ပြန်ချက်များအရ သိရသည်။ အမေရိကန်နိုင်ငံ အနှံ့အပြား ရာသီတုပ်ကွေး ဖြစ်ပွားမှုမှာ ဆက်လက်မြင့်မား နေဆဲဖြစ်သည်ဟု စီဒီစီက ပြောသည်။

ယခုရာသီအတွင်း အမေရိကန်တွင် တုပ်ကွေးကြောင့် ဖျားနာသူ ၁၃ သန်းရှိပြီး ဆေးရုံတက်ရသူ ၁၂၀၀၀၀ ရှိကာ သေဆုံးသူ ၇၃၀၀၀ ရှိသည်ဟု စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယခု သီတင်းပတ်အတွင်း တုပ်ကွေးနှင့် ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးရသည့် ကလေးငယ် ခုနစ်ဦးရှိပြီး ယခုရာသီအတွင်း တုပ်ကွေးကြောင့် သေဆုံးသူ ကလေးငယ်ပေါင်း ၂၁ ဦးရှိပြီဟု သိရသည်။

**ဆင်ဟွာ**

# လ ပတ်ခရီးစဉ်အတွက် ၎င်းနှင့်အတူလိုက်ပါမည့် အဖွဲ့ဝင်များကို ဂျပန်ဘီလီယံနာသူဌေး မဲ့ဇဝါ ယုဆာကူ ရွေးချယ်ပြီးဖြစ်

**တိုကျို ဒီဇင်ဘာ ၁၀**

ဂျပန်ဘီလီယံနာသူဌေးတစ်ဦးဖြစ်သူ မဲ့ဇဝါ ယုဆာကူသည် လာမည့်နှစ်တွင် ထွက်ခွာရန် စီစဉ်ထားသော လကိုပတ်မည့် အာကာသခရီးစဉ်အတွက် ၎င်းနှင့်အတူ လိုက်ပါရန် အဖွဲ့ဝင်များကို ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။

လ ပတ်ခရီးစဉ်အတွက် လိုက်ပါမည့် အဖွဲ့ဝင်ရှစ်ဦးကို မဲ့ဇဝါက ဒီဇင်ဘာ ၉ ရက်တွင် တွစ်တာပေါ်၌ ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ အဖွဲ့ဝင်ရှစ်ဦးကို လျှောက်ထားသူ တစ်သန်းကျော်ထဲမှ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စပေ့စ်အိတ်စ်၏ စတားရှစ်အာကာသယာဉ်ဖြင့် လ ပတ်ခရီးစဉ်ကို သွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုပေါင်း ခြောက်နိုင်ငံမှဖြစ်**

လ ပတ်ခရီးစဉ်ကို လိုက်ပါမည့် အဖွဲ့ဝင်ရှစ်ဦးတွင် တောင်ကိုရီးယားနိုင်ငံ အမျိုးသားဂီတ BIGBANG အဖွဲ့မှ T.O.P နှင့် ဂရမ်မီဆန်ခါတင်စာရင်းဝင် အမေရိကန်ဒီဂျေ စတိဗ် အယိုကီတို့ ပါဝင်သည်ဟု ဆိုသည်။ အဆိုပါ အဖွဲ့ဝင်များသည် အိန္ဒိယ၊ ချက်နိုင်ငံတို့ အပါအဝင် စုစုပေါင်း ခြောက်နိုင်ငံမှ ဖြစ်ကြောင်း သိရသည်။

**ရက်သတ္တပတ်ကြာမြင့်ဖွယ်ရှိ**


ဂျပန်ဘီလီယံနာသူဌေး မဲ့ဇဝါ ယုဆာကူ

မဲ့ဇဝါသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတကာအာကာသစခန်းသို့ ၁၂ ရက်ကြာ ခရီးထွက်ပြီးနောက် အာကာသစခန်းသို့ လည်ပတ်သည့် ပထမဆုံးအရပ်သား ဂျပန်နိုင်ငံသား ဖြစ်လာခဲ့သည်။ ၎င်း၏ ယခု လပတ် ခရီးစဉ်သည် ရက်သတ္တပတ်ကြာမြင့်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၁၁၅၈ ဦး စစ်ဆေးတွေ့ရှိပြီး ၁၁ ဦး သေဆုံး

**မနီလာ ဒီဇင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အသစ် ၁၁၅၈ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၄၀၄၇၈၇၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၁၈၃၈၇ ဦးရှိသည့်အတွက် ယမန်နေ့ကထက် ကျဆင်းလာကြောင်း၊ အဆိုပါ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၁ ဦးရှိသည့်အတွက် သေဆုံးသူပေါင်း ၆၄၈၅၆ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် လူဦးရေ ၁၃ သန်းကျော် နေထိုင်သော မြို့တော်မနီလာတွင် ၄၅၆ ဦး ပါဝင်သည်ဟု ဆိုသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၃၉၀၀၄ ဦးရှိသည့်အတွက် တစ်ရက်တည်း ကူးစက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ထားသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၇၃ ဒသမ ၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်ထိုးနှံထားကြောင်း သိရသည်။

**ဆင်ဟွာ**





ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်။

# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ဘရပ်ဆဲလ်၌ ကျင်းပမည့် အာဆီယံ-အီးယူ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်

**ဖနောင်ပင် ဒီဇင်ဘာ ၁၀**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဒီဇင်ဘာ ၁၄ ရက်တွင် ကျင်းပမည့် (၄၅) နှစ် မြောက် အာဆီယံ-အီးယူ အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးပွဲကို တက်ရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

၂၀၂၂ ခုနှစ်အာဆီယံ ဥက္ကဋ္ဌဖြစ်သည့် ဝန်ကြီးချုပ် ဟွန်ဆန်သည် ဥရောပကောင်စီဥက္ကဋ္ဌ ရှာလက်စ် မိုက်ကယ်နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ခေါင်းဆောင်များသည် စီးပွားရေးလုပ်ငန်းများ၊ စွမ်းအင်၊ အစားအစာ ဖူလုံမှုနှင့် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးတိုးတက်မှုများ မြှင့်တင်ရန်စသည်တို့ကို အဓိကဆွေးနွေးသွားဖွယ်ရှိကြောင်း ထုတ်ပြန်ထားသည်။ ခေါင်းဆောင်များသည် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ်ကြောင့် အိုးအိမ် ၁၃၀၀ ကျော် ပျက်စီးမှုဖြစ်ပွား

**ကိုလံဘို ဒီဇင်ဘာ ၁၀**

သီရိလင်္ကာနိုင်ငံ ဒေသအများအပြားတွင် ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ်(Mandous) ဝင်ရောက်တိုက်ခတ်မှုကြောင့် အိုးအိမ် ၁၃၀၀ ကျော် ပျက်စီးမှုဖြစ်ပွားကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က ဒီဇင်ဘာ ၉ ရက်က ပြောသည်။

ထို့အပြင် သီရိလင်္ကာနိုင်ငံ ခရိုင်ရှစ်ခုရှိ မိသားစု ၁၃၀၂ စုမှ လူပေါင်း ၄၃၃၅ ဦး မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကို ခံစားခဲ့ရကြောင်း ဒီအမ်စီက ပြောသည်။ နောက်ထပ်သတိပေးချက် မထုတ်ပြန်မီအထိ သတိဝီရိယဖြင့် နေထိုင်သွားလာကြရန် သီရိလင်္ကာနိုင်ငံသားများကို ဒီအမ်စီက တိုက်တွန်းနှိုးဆော်ထားသည်။

လက်ရှိတွင် အဆိုပါမုန်တိုင်းသည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးပြည်နယ်ဘက်သို့ ရွေ့လျားသွားကြောင်း သိရသည်။

**ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကလုန်းမုန်တိုင်း မန်းဒပ်စ် တိုက်ခတ်စဉ်။

# တရုတ် - လာအို ရထားလမ်းက လာအိုနဲ့ ကမ္ဘာကို ပိုမိုနီးကပ်စေ

■ နေနှောင်းအိမ်

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေကောင်းမွန်မှုမရှိခြင်းက အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်း၊ လုံလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းဆုံးရှုံးခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်တဲ့ဒဏ်ပိုခံစားရခြင်း၊ ပညာရေးအခွင့်အလမ်းနည်းပါးခြင်း စတဲ့နယ်ပယ်စုံကဏ္ဍစုံမှာ နိမ့်ကျမှုများစွာကို ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် ဒေသထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မှုမရှိခြင်းကြောင့် ထုတ်လုပ်မှုတန်ဖိုးကျဆင်းလာတဲ့အတွက် မိသားစုဝင်ငွေ နည်းပါးလာခြင်းတို့ကိုလည်း ဖြစ်ပေါ်စေပါတယ်။

**ဘူတာရုံ ၂၀ ရုံကို ဆောက်လုပ်ထား**

တရုတ် - လာအို ရထားလမ်း ဆောက်လုပ်မှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်မှာ စတင်ခဲ့ပြီး ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှာ ရထားလမ်းဆောက်လုပ်မှု အပြီးသတ်နိုင်ခဲ့ပါတယ်။ အဲဒီ တရုတ် - လာအို ရထားလမ်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှာ တရားဝင် ဖွင့်လှစ်ခဲ့ပါတယ်။ ရထားလမ်းတစ်လျှောက် ဘူတာရုံ ၃၂ ရုံ တည်ဆောက်ဖို့ စီစဉ်ထားပြီး ကနဦးအနေနဲ့ ခရီးသည်တင် ဘူတာရုံ ၁၀ ရုံနဲ့ ကုန်တင်ကုန်ချဘူတာရုံ ၁၁ ရုံအပါအဝင် ဘူတာရုံ ၂၀ ရုံကို ဆောက်လုပ်ထားပြီးဖြစ်တယ်လို့ ဆိုပါတယ်။

**တရုတ်ဈေးကွက်သို့တင်ပို့**

မကြာသေးမီက ထိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတို့မှ သစ်သီးဝလံကွန်တိန်နာ ၂၅ လုံး တင်ဆောင်လာတဲ့ ရထားတစ်စင်းဟာ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်က တရုတ် - လာအို ရထားလမ်းရဲ့ မိုဟန်ဘူတာရုံကို ဆိုက်ရောက်လာခဲ့ပါတယ်။ ဒါဟာ သစ်သီး ဝလံတွေကို တရုတ် -လာအိုရထားလမ်းမှ တရုတ်ဈေးကွက်ကို တင်သွင်းတဲ့ ပထမဆုံး တိုက်ရိုက်ပြေးဆွဲတဲ့ရထားလည်း ဖြစ်ပါတယ်။

**စွပ်စွဲပုတ်ခတ်ပြောဆိုတာတွေရှိ**

တင်သွင်းတဲ့ သစ်သီးဝလံတန်ချိန်မှာ စုစုပေါင်း ၅၄၃ တန်ရှိပြီး လာအိုနိုင်ငံမှ ငှက်ပျောသီး ၃၅၁ တန်၊ ထိုင်းနိုင်ငံမှ လိုက်ချီးသီး ၁၅၄ တန်နဲ့ ဒူးရင်းသီး ၃၈ တန်တို့ ပါဝင်တယ်လို့ တရုတ်ရထားကူမင်းဗျူရိုအုပ်စုကုမ္ပဏီက ထုတ်ပြန်ထားပါတယ်။ အစပိုင်းမှာ တရုတ်-လာအို ရထားလမ်းကြောင်းဟာ လာအိုနိုင်ငံကို ကြွေးမြီထောင်ချောက်အတွင်း သက်ဆင်းခြင်းဖြစ်တယ်လို့ စွပ်စွဲပုတ်ခတ်ပြောဆိုတာတွေရှိပေမယ့် နောက်ပိုင်းမှာ အဲဒီရထားလမ်းက လာအိုပြည်သူတွေရဲ့ ဖွံ့ဖြိုးမှုလိုအပ်ချက်နဲ့ ကိုက်ညီပြီး ပြည်သူနဲ့ကုန်သွယ်ရေး ကူးလူးဆက်ဆံမှုကို အထောက်အကူပြုတာကြောင့် လာအိုပြည်သူတွေအတွက် အကျိုးများတဲ့ ဆောင်ကြဉ်းမှုဖြစ်တယ်လို့ လက်ခံလာကြပါတယ်။

**ချီးကျူးပြောကြားထား**

ယခုလအစောပိုင်းမှာ လာအိုနိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်ဖြစ်တဲ့ ဆီဖန်တုန်းကိုယ်တိုင်က တရုတ်-လာအို ရထားလမ်းဟာ လာအိုနိုင်ငံရဲ့ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာအဖြစ် ချီးကျူးပြောကြားထားပါတယ်။ ဒါ့အပြင် နယ်စပ်ဖြတ်ကျော်မီးရထားလမ်းဟာ လာအို - တရုတ် ချစ်ကြည်ရင်းနှီးမှုရဲ့ မဟာဗျူဟာမြောက် စီမံကိန်းတစ်ခုဖြစ်တဲ့အပြင် ကုန်းတွင်းပိတ်နိုင်ငံဖြစ်တဲ့ လာအိုနိုင်ငံကို ကုန်းတွင်းချိတ်ဆက်နိုင်ငံအဖြစ်သို့ ပြောင်းလဲရန် မဟာဗျူဟာမြောက် စီမံကိန်းတစ်ခုလည်း ဖြစ်တယ်လို့ ဆိုပါတယ်။

**အရေးပါတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ပြောင်းလဲလာ**

အဲ့ဒီ တရုတ် - လာအို ရထားလမ်းမှတစ်ဆင့် ကုန်စည်များကို ဈေးကွက်သို့ အချိန်မီပို့ဆောင်နိုင်တဲ့အတွက် လာအိုနဲ့ ကမ္ဘာကို ပိုမိုနီးကပ်စေတယ်လို့ ဆိုပါတယ်။ တရုတ်-လာအိုရထားလမ်းက လာအိုနိုင်ငံရဲ့ နိုင်ငံတကာ မဟာဗျူဟာမြောက်အနေအထားကို များစွာမြှင့်တင်ပေးတယ်လို့ လာအိုပြည်သူ့တော်လှန်ရေးပါတီ (အယ်လ်ပီအာရ်ပီ) ဗဟို ကော်မတီမှ ပေါလစ်ဗျူရိုအဖွဲ့ဝင် ဆီဖန်တုန်းက ဆိုပါတယ်။ ဒါ့အပြင် လာအိုနိုင်ငံဟာ ဒေသတွင်း ကုန်စည်ပို့ဆောင်ရေးမှာ အရေးပါတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြောင်းလဲလာခဲ့တယ်လို့ ပြောပါတယ်။

**လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြု**

လွန်ခဲ့တဲ့နှစ်အတွင်းက တရုတ်-လာအိုရထားဟာ အဆင်ပြေပြေ ချောချောမွေ့မွေ့ ပြေးဆွဲနိုင်ခဲ့ပြီး ခရီးသည်နဲ့ ကုန်စည်ပို့ဆောင်မှုအတွက် အရည်အသွေးပြည့်မီတဲ့ ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ခဲ့ကာ လာအိုပြည်သူတွေရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုခဲ့တယ်လို့ သိရပါတယ်။

မကြာသေးခင်ကလည်း လာအို ငှက်ပျောသီး တန် ၅၀၀ တင်ဆောင်လာတဲ့ အထူးကုန်စည်ရထားတစ်စင်းဟာ လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းကနေ တရုတ်နိုင်ငံကို ဦးတည်ထွက်ခွာလာခဲ့ပါတယ်။ ဒီရထားဟာ ပြီးခဲ့တဲ့နှစ်က တရုတ်-လာအို ရထားလမ်း ဖွင့်လှစ်ပြီးနောက် တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်ရဲ့ မြို့တော် ချန်ဆားမြို့ကို ပထမဆုံး တိုက်ရိုက်ပြေးဆွဲတဲ့ ငှက်ပျောသီးတင်ရထားလည်း ဖြစ်လာခဲ့ပါတယ်။

**ထိပ်တန်းစိုက်ပျိုးရေး ထွက်ကုန်တစ်ခုဖြစ်**

ဒါ့အပြင် ဒီငှက်ပျောရထားဟာ ဟူနန်ပြည်နယ်အစိုးရနဲ့ လာအိုအစိုးရတို့ကြား တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် စီမံချက်အရ ပွဲဦးထွက်ပြေးဆွဲမှုလည်း ဖြစ်တယ်။ ငှက်ပျောသီးဟာ လာအိုနိုင်ငံမှ တင်ပို့တဲ့ ထိပ်တန်းစိုက်ပျိုးရေး ထွက်ကုန်တစ်ခုလည်း ဖြစ်ပါတယ်။ ယခုနှစ်ပထမနှစ်ဝက်အတွင်း ဗီလောပီနံ တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဝန်းကျင်ခန့် ရရှိပြီးနောက် ငှက်ပျောသီးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၄၁ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

လာအိုနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးကလည်း တရုတ်နိုင်ငံအနေနဲ့ ရထားပြေးဆွဲမှု ဘေးအန္တရာယ်ကင်းပြီး ထိရောက်မှုရှိစေဖို့၊ တရုတ်-လာအို -ထိုင်း ရထားလမ်းများ ချိတ်ဆက်မှု အားကောင်းလာစေဖို့အတွက် လာအိုနိုင်ငံနဲ့ လက်တွဲလုပ်ဆောင်သွားလိုကြောင်း ပြောပါတယ်။ ဒါမှသာ ဒေသတွင်း ချိတ်ဆက်မှုနဲ့ သာယာဝပြောရေးတို့အတွက် ပိုမိုကြီးမားတဲ့ ပံ့ပိုးကူညီမှုများကို ရရှိစေမှာဖြစ်ပါတယ်။

**ခရီးသည် စုစုပေါင်း ၁ ဒသမ ၂၆၉ သန်း ပို့ဆောင်ထားပြီးဖြစ်**

လာအို ရထားလမ်းပိုင်းအတွက် တာဝန်ယူထားရတဲ့ လာအို - တရုတ် ရထားလမ်းကုမ္ပဏီမှ ဥက္ကဋ္ဌဖြစ်သူ ကျူဂေါင်ကျင်းကလည်း လွန်ခဲ့တဲ့ တစ်နှစ်ကျော်က ရထားစတင်ပြေးဆွဲပြီးနောက်ပိုင်း ခရီးသည်စုစုပေါင်း ၁ ဒသမ ၂၆၉ သန်း၊ နယ်စပ်ဖြတ်ကျော် ကုန်ပစ္စည်းတန်ချိန် ၁ ဒသမ ၅၇၆၁ သန်းကျော် အပါအဝင် ကုန်ပစ္စည်းတန်ချိန် စုစုပေါင်း ၁ ဒသမ ၉၉၅၅ သန်းကို ပို့ဆောင်ထားပြီးဖြစ်တယ်လို့ ပြောပါတယ်။

**အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၀၀၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့**

ထို့အပြင် အဆိုပါကုမ္ပဏီက ရထားနဲ့ပတ်သက်တဲ့ အလုပ်ရုံများကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၀၀၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့တယ်လို့ ကျူဂေါင်ကျင်းက ပြောပါတယ်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ပြေးဆွဲခဲ့သော တရုတ်-လာအို ရထားလမ်းသည် ၁၀၀၀ ကီလိုမီတာကျော် ရှည်လျားပြီး တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၏ မြို့တော် ကူမင်းနှင့် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တို့ကို ချိတ်ဆက်ထားပါတယ်။ ။

ကိုးကား - ဆင်ဟွာ



တရုတ် - လာအို ရထားဝန်ထမ်းနှစ်ဦး လာအိုနိုင်ငံ ဘိုတန်ရှိ ကုန်စည်တင်ရထားကို ပူးပေါင်းစစ်ဆေးစဉ်။





တရုတ် - လာအို ရထားလမ်းမှ တစ်ဆင့် တရုတ်နိုင်ငံသို့ ဦးတည်ထွက်ခွာလာသည့် ပထမဆုံး ငှက်ပျောသီးတင်ရထားကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဘူတာရုံ တစ်ရုံ၌ ဒီဇင်ဘာ ၆ ရက်က တွေ့ရစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်းရှိ

**(၁၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၉၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၂၃,၁၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၄၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၉၆၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၅) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၅၀ | ၁၈၄၅ | ၁၈၁၅ | ၁၈၅၀ | ၁၈၇၅ | ၁၈၆၀ | ၁၈၃၅ | ၁၉၃၀ | ၁၉၄၅ | ၁၈၄၅ | ၁၈၅၀ | ၁၈၈၅ | ၁၈၉၀ | ၁၈၉၀ | ၂၁၁၀ | ၂၉၂၀ |
| 95 Ron | ၁၈၉၅ | ၁၉၄၅ | ၁၉၄၀ | ၁၉၀၅ | ၁၉၄၀ | ၁၉၆၅ | ၁၉၅၀ | ၁၉၃၀ | ၂၀၂၀ | ၂၀၄၀ | ၁၉၃၅ | ၁၉၅၀ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၀ | ၂၂၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၁၈၅ | ၂၂၃၀ | ၂၂၂၅ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၀ | ၂၂၅၀ | ၂၂၁၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၂၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၇၀ | ၂၄၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၄၅ | ၂၃၄၅ | ၂၃၄၅ | ၂၅၆၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၁၃ | ၁၇၈၁ |
| 95 Ron | ၁၈၀၂ | ၁၈၇၁ |
| HSD (500 ppm) | ၂၀၈၂ | ၂၁၅၃ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၂၈ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မန္တလေးမြို့ရှိ မဟာလောကမာရဇိန်(ကုသိုလ်တော်)ဘုရားသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်မှုများပြား

**မန္တလေး ဒီဇင်ဘာ ၁၀**
မြန်မာနိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ ခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်မှတ်တမ်းဝင် ကျောက်စာများထားရှိရာ မဟာလောကမာရဇိန် (ကုသိုလ်တော်) ဘုရားသို့လည်း ပြည်တွင်း၊ ပြည်ပခရီးသွား အများအပြား လာရောက်လေ့လာဖူးမြော်လျက်ရှိကြောင်း သိရသည်။

ကိုဗစ် -၁၉ ကပ်ရောဂါ စည်းမျဉ်းစည်းကမ်းများကြောင့် ယခင်က မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု လျော့နည်းခဲ့သော်လည်း ယခုအခါတွင် ကိုဗစ် -၁၉ ကပ်ရောဂါ စည်းမျဉ်းစည်းကမ်းများအား ဖြေလျှော့ပေးခဲ့သည့်အတွက် နိုင်ငံအတွင်းရှိ အထင်ကရနေရာများသို့ နိုင်ငံခြားသားခရီးသည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

ထို့ကြောင့် မန္တလေးမြို့ရှိကုသိုလ်တော်ဘုရားသို့လည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ မိသားစုလိုက်သော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း၊ လာရောက်ကြပြီး ဘုရားအတွင်းရှိ ကမ္ဘာ့အမွေအနှစ် မှတ်တမ်းဝင်ကျောက်စာများ၊ သက်တမ်းရင့် ခရေပင်ကြီးများကို အများဆုံးလေ့လာကြကြောင်း ကုသိုလ်တော်ဘုရား တာဝန်ရှိသူထံမှ သိရသည်။

"ကိုဗစ် -၁၉ ကပ်ရောဂါ ဖြစ်ပွားနေတဲ့အချိန်မှာတော့ ခရီးသွားလာရောက်မှုနည်းပါတယ်။ အခုရောဂါတွေ လျော့နည်းသွားတော့ ပြည်ပခရီးသွားဧည့်သည်တွေ အတော်လေးဝင်လာကြပါပြီ။ ပြည်ပခရီးသွားဝင်ရောက်မှုအနေနဲ့ အောက်တိုဘာလမှာ ၃၀၊ နိုဝင်ဘာလမှာ ၂၅ ဦးဖြစ်ပါတယ်။ နိုင်ငံတွေအနေနဲ့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့က ခရီးသည်တွေဖြစ်ပါတယ်။ ပြည်တွင်းခရီးသွားကတော့ ပုံမှန်လာရောက်ဖူးမြော်နေကြပါတယ်" ဟု ကုသိုလ်တော်ဘုရားမှ ဝန်ထမ်းတစ်ဦးကပြောသည်။

ကုသိုလ်တော်ဘုရားသို့ စိတ်အေးချမ်းသာယာစွာ လာရောက်လေ့လာ ဖူးမြော်နိုင်ရေးအတွက်လည်း လိုအပ်သည့်နေရာများအား ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး အလှူရှင်များအနေဖြင့်လည်း လာရောက်လှူဒါန်းမှုများလည်းရှိကြောင်း သိရသည်။



ကုသိုလ်တော် ဘုရားသို့ စနေ၊ တနင်္ဂနွေနေ့နှင့် ဥပုသ်ရက်များတွင် လာရောက်ဖူးမြော်သူ ပိုမိုများပြားသည့်အပြင် နေ့ထူးနေ့မြတ်များတွင်လည်း ကြိတ်ကြိတ်တိုးစည်ကားသဖြင့် ဘုရားဖူးများ၏ လုံခြုံရေးအတွက်လည်း ဂရုတစိုက်ဆောင်ရွက်ပေးကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ ဖူးမြော်နိုင်ရေးအတွက် အလှူရှင်များအနေဖြင့်လည်း အအေးများ၊ ထမင်းဘူးများဖြင့် စေတနာဒါသာ ဧည့်ခံကျွေးမွေး ခြင်းများလည်းရှိကြောင်း၊ ဘုရားကြီးအား ကိုဗစ် -၁၉ စည်းကမ်းချက်များအရ နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**
ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာ ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိ စာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံပရိယတ္တိ စာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင် ကျောင်းတိုက်၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ ထိန်ထိန်ဝင်း ပရိယတ္တိစာသင်တိုက်နှင့် သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံ ပထမရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သိရီနေ်ာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လောကအတုလမာန်အောင်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဓမ္မိကာရာမ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သုဇနာရာမကမ္ဘာ့အေးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဥသျှစ်ကုန်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ရွှေတောင်တန်းပရိယတ္တိ စာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာ ဗောဓိပရဟိတကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၀**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၅၁ ရပ်ကွက် မြဝတီမင်းကြီး (၁) လမ်း၊ သီရိမင်္ဂလာမာဂဓကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များနှင့် စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ယနေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း၊ အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်လက်လှူဒါန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ဒီဇင်ဘာလလူထုအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက်ကကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာပြည်သူများ လူမှုရေးအသင်းအဖွဲ့များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲစဉ်။ သန်းဝင်း(သန်လျင်)







ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean Super Centre ရှေ့၌ ဒီဇင်ဘာအားကစားလ စုပေါင်းလူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက်က ကျင်းပရာမြို့နယ် အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲစဉ်။
အောင်မျိုးဝင်း(ပြန်/ဆက်)

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

■ *ကျောဖုံးမှ*
လမ်းအပါအဝင် ငွေကျပ်သန်းပေါင်း ၈၉၈၀ အကုန်ကျခံတည်ဆောက်ထားခြင်းဖြစ်သည်။

ဂွချောင်းတံတားသည် ရခိုင်ပြည်နယ် ဂွမြို့နှင့် မကျေးငူရွာကို ဆက်သွယ်တည်ဆောက်ထားခြင်းဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဧရုတ်ကောင်းမြို့မှ ရခိုင်ပြည်နယ် ဂွမြို့အထိ အကောင်အထည်ဖော် ဆောင်ရွက်နေသော ဆင်မ-ငွေဆောင်-ချောင်းသာ- ရွှေသောင်ယံ-မကျီးပင်-ကျောက်ချွန်-ဂွမြို့ ကမ်းခြေပတ်လမ်း တစ်လျှောက်တွင် အရေးပါသည့် တံတားတစ်စင်းဖြစ်သည်။ ဂွချောင်းတံတားကြီး တည်ဆောက်ခဲ့ခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများစွာ ပြောင်းလဲတိုးတက်လာမည့်အပြင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုဖြင့်ရခိုင်ပြည်နယ်မှထွက်ရှိသော ဒေသထွက်ကုန်များ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ အချိန်တိုအတွင်း မြန်ဆန်လွယ်ကူစွာ ကုန်စည်စီးဆင်းနိုင်မည်ဖြစ်သည်။

ဂွချောင်းတံတားသည် အရှည် ၁၃၉၈ ပေ ၉ လက်မရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ ပေ ၆ လက်မပါဝင်၍ ရေလမ်းကင်းလွတ် အမြင့်ပေ ၂၀ နှင့် ရေလမ်းကင်းလွတ် အကျယ်သည် ၈၅ ပေ ရှိသည်။ တံတားခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးလျှင် ၇၅ တန်ဖြတ်သန်းနိုင်ရန် တည်ဆောက်ထားပြီး ဂွမြို့ တစ်ဖက်ကမ်းတွင်ရှိသော ကမ်းခြေရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ကမ်းခြေပတ်လမ်းတစ်လျှောက်တွင်ရှိသော မြို့နှင့်ကျေးရွာများမှ ဒေသခံများ အဆိုပါဂွချောင်းတံတားမှ အချိန်ခါမရွေး ဖြတ်သန်းသွားလာနိုင်မှုဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ လတ်တလောတွင်အများပြည်သူ သွားလာရေးအဆင်ပြေချောမွေ့စေရန်နှင့် အရေးပေါ်ကဏ္ဍတို့တွင် အသုံးပြုနိုင်ရန်အတွက် သုံးတန်အောက် ယဉ်ငယ်များကို ဖြတ်သန်း ခွင့်ပြုထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# မင်းဘူးမြို့ ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

**မင်းဘူး ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စက္ကိန်းတဲဘုရား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သိန်းထံမှ သိရသည်။

ရှင်ပင်စက္ကိန်းတဲဘုရားကြီး ပွဲတော်ကျင်းပရာတွင် ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၃ ခုနှစ်များနှင့် ၂၀၁၆ ခုနှစ်များတွင် အားကစားပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သော်လည်း ယခုနောက်ပိုင်း ကာလများတွင် ပွဲတော်ကျင်းပနိုင်ခြင်း မရှိတော့ကြောင်း၊ သို့သော် ယခုလာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်မှ ၂၀ ရက်အထိ ပွဲတော်ကျင်းပရာတွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများနှင့် ၂၁၊ ၂၂ ရက်နေ့များတွင် အငြိမ့်ပွဲ၊ ဇာတ်ပွဲများအပြင် အားကစားပွဲများပါ ထည့်သွင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်ပင်စက္ကိန်းတဲဘုရားကြီးသည် မင်းဘူးခရိုင်အတွင်းမှ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား၊ ရွှေစက်တော်ပါဒစေတီတော်များနှင့် စကုမြို့မှ ထေရ်ကြီး စေတီတော်ကြီးတို့ကဲ့သို့ သမိုင်းဝင် အထင်ကရ စေတီတော်တစ်ဆူဖြစ်၍ နိုင်ငံတော်အကြီးအကဲများနှင့် ဩဝါဒဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ ယခုလိုစည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပရခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၀ -၁၂ - ၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိသည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၅၀) တွင် အသိဉာဏ်နည်းကာ အရာရာကို မစူးစမ်း မဆင်ခြင်ဘဲ ဆောင်ရွက်တတ်သော ကိုထုံ၏ လွဲမှားသောယူဆချက်၊ လုပ်ဆောင်ချက်များကို တင်ဆက်ထားသည့် "ကိုထုံနဲ့မြည်းကလေး" မျက်နှာဖုံးကာတွန်း၊ လူတို့၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် ဗီတာမင်ကြွယ်ဝသော ကျွဲကောသီးအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် ကျွဲကောသီး" သုတဆောင်းပါး၊ သူများပြောတိုင်း လိုက်လုပ်မိ၍ ဒုက္ခရောက်ရသောရထားတွဲကောင်အကြောင်းကို တင်ဆက်ထားသည့် "နားမယောင်နဲ့" နှစ်မျက်နှာကာတွန်း၊ မိဘများနှင့်အတူ တိရစ္ဆာန်ရုံသို့သွားရာ၌ မြင်မြင်သမျှ တိရစ္ဆာန်များကို သူတို့၏ သဘာဝအလိုက် ဝေဖန်ခွဲခြားနိုင်သော ပြည့်စုံသာအကြောင်းကို တင်ဆက်ထားသည့် "ခရုမှာအဆန် လူမှာဉာဏ်" ဝတ္ထု၊ မိမိတို့၏ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို ချစ်မြတ်နိုးတတ်စေရန်နှင့် နိုင်ငံခြားသားဝတ် စကတ်ကွဲများကို အတုယူ၍ မဝတ်စေရန် ဆုံးမထားသော ဖူးငယ်တို့သားအမိ၏ အပြန်အလှန်ပြောဆိုပုံကို တင်ဆက်ထားသည့် "ဖူးငယ်- အတုခိုးမမှားမိစေဖို့" တစ်မျက်နှာ ကာတွန်း၊ အပြန်အလှန်ကူညီခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိသွားသည့် မိကျောင်းလေးနှင့် ငှက်သားအမိတစ်သိုက်တို့အကြောင်းကို တင်ဆက်ထားသည့် "ပြုံးအလှပိုင်ရှင် မိကျောင်းလေးကူရမ်" ပုံပြင်၊ မိမိ၏အတ္တစိတ်ကြောင့် မိမိအတွက်ရောသူတစ်ပါးအတွက်ပါ အကျိုးပျက်စီးသွား၍ . နောင်တရသွားသော စာကလေးအကြောင်းကို အတုယူဖွယ်တင်ဆက်ထားသည့် "အသိုက်" နှစ်မျက်နှာကာတွန်း၊ မိမိတို့ ကျောင်းသို့ စာတော်သည့် ကျောင်းသူအသစ်ပြောင်းလာသော်လည်း မနာလိုမရှုဆိတ်မဖြစ်ဘဲ ဝမ်းသာအားရ ကြိုဆိုကြသော မေဝတီတို့




သူငယ်ချင်းများအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် "အပြုံးဖြင့်ကြိုဆိုပါ" နှစ်မျက်နှာကာတွန်းနှင့် ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ) ပထမဆုရ **ယဉ်ယဉ်မွန် ရေးဟောင်းသုတေသန)** ရေးသားသည့် **"ဒွတ္တပေါင်မင်းကြီးနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ"** စာအုပ်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိမ်းလန်းမြေ ကျောင်းစာကြည့်တိုက်ဖွင့်

**သာပေါင်း ဒီဇင်ဘာ ၁၀**

သာပေါင်းမြို့နယ် အောင်တပ်ကျေးရွာအုပ်စု အစုကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ "စိမ်းလန်းမြေ" ကျောင်းစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးကျော်တိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးနိုင်က ဂုဏ်ပြုဝမ်းမြောက်စကားများ ပြောကြားသည်။

ထို့နောက် စိမ်းလန်းမြေ ကျောင်းစာကြည့်တိုက် အလှူရှင် ဆရာဦးကျော်မြင့်(ရန်ကုန်)က စာကြည့်တိုက် တည်ဆောက်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ပြောကြား၍ ကျပ် ၁၈၅ သိန်းတန်ဖိုးရှိ (၃၀x ၃၀x ၁၇)ပေ တစ်ထပ် အုတ်ညှပ် အဆောက်အအုံနှင့် ကျပ် ၁၁ သိန်းတန်ဖိုးရှိ ပရိဘောဂနှင့် စာအုပ်၊စာစောင်များ၊ စာကြည့်တိုက်နှင့်သက်ဆိုင်သည့် စာရွက်စာတန်းများကို လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကုတ်မြို့နယ် တရာဘကျေးရွာ အဝင်လမ်းဖွင့်

**တောင်ကုတ် ဒီဇင်ဘာ ၁၀**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း



စီမံကိန်း ကျေးရွာများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းကျေးရွာဖြစ်သော တောင်ကုတ်မြို့နယ် တရာဘကျေးရွာ အဝင်လမ်း ချောင်းကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ (၄၈)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အဆိုပါလမ်းကို တာဝန်ရှိသူတို့က ဒီဇင်ဘာ ၁၀ ရက်က ဖွင့်လှစ်ပေးခဲ့ကြသည်။

ခရိုင်ကျေးလက်ဦးစီးဌာန ဦးစီးမှူးနှင့်အတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများက ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ယင်းလမ်း၏ အရှည်မှာ ပေ ၁၄၀၀၊ အကျယ် ၁၈ ပေရှိကာ နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၀ သန်း၊ ပြည်သူ့ထည့်ဝင်ငွေ ၁ ဒသမ ၂ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကျေးရွာသူ ကျေးရွာသားများမှ လွယ်လွင့် တကူသွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**အောင်လှဖြူ**
**(ရမ်းဗြဲ)**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး စကားဝိုင်းကျင်းပပြီး စာအုပ်နှင့် နံရံကပ်စာစောင်များ ပြသ

**ညောင်လေးပင် ဒီဇင်ဘာ ၁၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီဝင်းက လူငယ်စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်ကောင်းမြတ်ကျော်က လူငယ်နှင့်နိုင်ငံရေးခေါင်းစဉ်၊ Grade-11 မှ မခြူးမြတ်သွယ်က လူငယ်နှင့်ပရဟိတခေါင်းစဉ်၊ Grade-11 မှ မအေးမြတ်ထွန်းက လူငယ်နှင့်ဖွဲ့ ခေါင်းစဉ်၊ Grade-10 မှ စောတာကလယ်က လူငယ်နှင့်ပြဿနာခေါင်းစဉ်၊ Grade-10 မှ မယွန်းဝတီက လူငယ်နှင့်အခွင့်အလမ်းခေါင်းစဉ်၊ Grade-10မှ မစံအိန္ဒြေငြိမ်းက လူငယ်နှင့်မိတ်ဆုံစားပွဲခေါင်းစဉ်များဖြင့် ဆွေးနွေး၍ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြပြီး လူငယ်စကားဝိုင်းအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို ဆက်လက်ခင်းကျင်းပြသခဲ့သည်။

**မြို့နယ် (ပြန်ဆက်)**

# ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား / အမျိုးသမီး) ကွာတားဖိုင်နယ် ပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍



၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ဘော်လီဘော(အမျိုးသား/အမျိုးသမီး) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဘော်လီဘော (အမျိုးသား) ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ကရင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ် အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ - နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘော်လီဘော (အမျိုးသား) ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## မြန်မာ - ထိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

TGL#2 The Great Lethwei ရိုးရာလက်ဝှေ့ပြိုင်ပွဲကို CANAL+ က ကြီးမှူးပြုလုပ်မည့် မြန်မာ့ရိုးရာ ပထမတန်းလက်ဝှေ့ကျော် ယျှုးခလိန်းမီးနှင့် ထိုင်းနိုင်ငံမှ မွေထိုင်းအကျော်အမော် တိုတို တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

### ယှဉ်ပြိုင်ထိုးသတ်ကြမည်

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် တွဲဆိုင်း ရှစ်တွဲပါဝင်ပြီး ၇၁-၇၅ ကီလို (မစ်ဒယ်ဝိတ်တန်း) တွင် ယျှုးခလိန်းမီး (မြန်မာ)နှင့် တိုတို(ထိုင်း)၊ ဒုတိယခေါင်တွဲဆိုင်းအဖြစ် ၆၃ ဒသမ ၅ - ၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း)တွင် ပတ်ကျောလင်းနိုင်နှင့် သက်ဝင်းအောင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထို့အတူ ၅၄-၅၇ ကီလို(ဖယ်သာဝိတ်တန်း)တွင် စောကဲဒိုနှင့် သားသား၊ နာဂမင်းနှင့် အောင်ထက်ဦး၊ ၅၇-၆၀ ကီလို (လိုက်ဝိတ်တန်း)တွင် နိုင်အောင်ရှင်နှင့် စောငမောက်၊ ၆၃ ဒသမ ၅-၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)တွင် ကြယ်စင်ထွန်းနှင့် အောင်ကြီး၊ ၅၇-၆၀ ကီလို(လိုက်ဝိတ်တန်း)တွင် ရွှေထွန်းယုံနှင့်အောင်ပိုင်၊ ၆၃ ဒသမ ၅-၆၇ ကီလို(ဝယ်လ်တာဝိတ်တန်း)တွင် အဖိုးသွေးနှင့် ထက်နိုင်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

### တိုက်ရိုက်ထုတ်လွှင့်ပြသမည်

အဆိုပါ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပြီး CANAL+ Sports 1 ရုပ်သံလိုင်းနှင့် CANAL+ အပလီကေးရှင်းတို့မှ တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၀**

၂၀၂၂ AFF Cup ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၁၁ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကစားသမားအစုံအလင်ဖြင့် လေ့ကျင့်လျက်ရှိပြီး ပြည်ပကလပ်များတွင် ကစားနေသူများလည်း လာရောက်ပူးပေါင်းနေပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် AFF Cup ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ထိုင်းအသင်းနှင့် ကစားခြင်းဖြစ်ပြီး ယခုပွဲပြီးပါက မြန်မာနိုင်ငံသို့ပြန်ကာ ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်မည်ဖြစ်သည်။

ယင်းခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၀ ရက်က Thammasat အားကစားကွင်း သတင်းစာရှင်းလင်းပွဲခန်းမ၌ ကျင်းပရာ နှစ်ဖက်အသင်းနည်းပြချုပ်များနှင့် ကစားသမားတစ်ဦးစီ တက်ရောက်ခဲ့သည်။ မြန်မာအသင်း နည်းပြချုပ် အန်တွမ်နီပေးက “ ဒီမှာ အကောင်းဆုံး စီစဉ်ပေးမှုတွေနဲ့ ကောင်းကောင်းလေ့ကျင့်နိုင်ခဲ့ပြီး ကလပ်အသင်းတွေနဲ့ပါ ခြေစမ်းခွင့်ရခဲ့လို့ ကစားသမား ရွေးချယ်မှုအပိုင်းမှာ အများကြီး အထောက်အကူဖြစ်စေပါတယ်။ ထိုင်းလက်ရွေးစင်အသင်းနဲ့ ခြေစမ်းပွဲကတော့ နှစ်သင်းစလုံးယှဉ်ပြိုင်ရမယ့် AFF Mitsubishi Ecectric Cup 2022 အတွက် ကောင်းမွန်တဲ့ ပြင်ဆင်မှုတစ်ရပ် ဖြစ်ပါတယ်။ ထိုင်းအသင်းက အသင်းကောင်းတစ်သင်း ဖြစ်ပြီး အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမှာပါ။ ကျွန်တော်တို့ဘက်က ပြင်ဆင်ထားတာလည်း ရှိပါတယ်။ ကစားတဲ့အခါ အားလုံးရဲ့ ပြင်ဆင်ထားမှုကို တွေ့မြင်ရမှာပါ”ဟု ပြောကြားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**



## ရွှေဘိုမြို့တွင် စုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ် ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၁၀**

ဒီဇင်ဘာလူထုအားကစားလလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ်ကို ဒီဇင်ဘာ ၁၀ ရက် နံနက် ၅ နာရီ ၁၅ မိနစ်က ရွှေဘိုမြို့ အမှတ်(၃) ရပ်ကွက် ဘုံကုန်းလမ်းရပ်ရှိ ရန်ကြီးအောင်အားကစားကွင်းစုရပ်နေရာတွင် စတင်ခဲ့ရာ စုပေါင်းလမ်းလျှောက်ပွဲသို့ ရွှေဘိုခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ ရွှေဘိုခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်ဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၀၀၀ ကျော် ဆင်နွှဲသည်။

စုရပ်နေရာမှ ရန်ကြီးအောင်လမ်း၊ အောင်ဇေယျလမ်း၊ ဆင်ဖြူရှင်လမ်း၊ အနော်ရထာလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး ရန်ကြီးအောင်အားကစားကွင်းအတွင်းထိ လမ်းလျှောက်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကာ စုပေါင်းကိုယ်လက်လှုပ်ရှားအတွဲများ စုပေါင်းဆောင်ရွက်ကြသည်။ လမ်းလျှောက်ပွဲပါဝင်သူများအား ခရိုင် မြို့နယ်အား/ကာမှ ကောက်ညှင်းပေါင်း၊ အကြော်ဖြင့် ကျွေးမွေးဧည့်ခံသည်။

ထို့ပြင် မြို့နယ်အဆင့် ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကို အ.ထ.က ကျောင်းများတွင် ထုတ်ဆီးတိုး၊ အမျိုးသားအမျိုးသမီး မီတာ ၁၀၀၊ မီတာ ၄၀၀ အမြင့်ခုန်၊ အလျားခုန်၊ သံလုံးပစ်သံပြားပစ် အားကစားနည်းများနှင့် ဖူဆယ်ဘောလုံးနှင့် ဘောလီဘောပြိုင်ပွဲတို့ကို ကျင်းပပေးကြောင်း သိရသည်။

**၀၄၀**



## ကျိုင်းတုံမြို့၌ ဖမ်းဆီးရမိသည့် စက်သံဆူညံစေသော ပါဝါအိတ်ဇောများကို ဖျက်ဆီး

**ကျိုင်းတုံ ဒီဇင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဖမ်းဆီးရမိသည့် စက်သံဆူညံစေသော ပါဝါအိတ်ဇောများကို အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့ (ရှမ်းအရှေ့) ရုံးရှေ့၌ ဒီဇင်ဘာ ၉ ရက်က ဖျက်ဆီးသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်အထိ မော်တော်ဆိုင်ကယ်များတွင် အသံဆူညံစေသည့် ပါဝါအိတ်ဇောများ တပ်ဆင်ထားရှိမှုကို ဖမ်းဆီး၍ သိမ်းဆည်းရမိသည့် ပါဝါအိတ်ဇော ၂၅၆ ခုကို လမ်းကြိတ်စက်ဖြင့် ကြိတ်ခြေဖျက်ဆီးခြင်းဖြစ်သည်။ ဖျက်ဆီးနေမှုကို ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး မြင့်ကျော်၊ အမှတ်(၁၉) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး (ရှမ်းအရှေ့) ရဲမှူးသန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ကျိုင်းတုံမြို့နယ်အတွင်း မော်တော် ဆိုင်ကယ်များတွင် ပါဝါအိတ်ဇော တပ်ဆင်မောင်းနှင်သည့် ဆူညံမှုများကြောင့် ညအချိန်များတွင် ပတ်ဝန်းကျင်နှင့် အများပြည်သူ အနှောင့်အယှက် မဖြစ်စေရေးအတွက် ပါဝါအိတ်ဇော တပ်ဆင်မောင်းနှင်မှုများကို ထိထိရောက်ရောက် အရေးယူတားဆီးနိုင်ရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်**

**(ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၂-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၀** သတင်းသမားပြောတဲ့သတင်းစကား
- **၀၉:၁၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (Level-2)(ပွဲစဉ်-၁၅)
- **၁၂:၃၀** 2022 World Cup Highlignt(19)
- **၁၂:၄၅** This Week Special Interest
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား 'ရှုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုများ' (အပိုင်း-၂)
- **၁၃:၁၅** Weekly Local News Highlights
- **၁၃:၃၀** MRTV National News
- **၁၃:၅၅** မြန်မာရုပ်ရှင် 'ပုံပမာ' (ကျော်ဆွေ၊ ခင်ယုမေ)(ဒါရိုက်တာ-ကျော်ဆွေ)
- **၁၆:၁၅** 'ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြို သုံးသပ်ချက်များ'
- **၁၇:၁၅** 'Sports Diary'
- **၁၇:၃၀** Economic Review
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** 'သုတဝေဖြာ...သီရိဂေဟာ'
- **၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့....ဒိုးလေး' (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** 2022World Cup Highlight(19)
- **၂၁:၀၅** ဘဝနှင့်အနုပညာ 'အားလုံးကချစ်တဲ့ဒီကောင်မလေးထပ်ဆင့်အကယ်ဒမီ တေးသံရှင် ချိုပြုံး' (အပိုင်း-၅)

### mitv

- **07:01** Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- **07:09** Fine Arts Podium (Conch Shell Wind Instrument)
- **07:24** The Third Prize Winner
- **07:41** Myanmar Cultural Identities (Kinnari & Kinnara)
- **08:01** News
- **08:27** Famous Ywar Ngan Coffee From Shan Highlands
- **08:48** Welcome to the 10th ASEAN QUIZ (Myanmar)
- **09:01** His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi-2)1960~1970
- **09:35** Today Myanmar
- **09:42** Popa Trip
- **09:52** Myanmar Puppeteers (Ogre Dance)
- **10:01** News
- **10:27** Dhammayangyi Temple

### MRTV NRC

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တီဘီရောဂါအကြောင်းသိကောင်းစရာ

**ချင်း(ဇိုမီး) (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၅)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ကျိုက်ဒီရေလယ်ဘုရားနှင့်စက်စက်မ်းမြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
နားမွေ့တော်မာတ်တက်ပွဲ

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းရိုးရာပိန်းပွင့်ချက်

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
အာလူးထောင်းကြော်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ဖိတ်ခေါ်တယ်လေကယားတို့မြေရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့

**ဝကောကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၂)

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၁၅** "Weekly Selected News"
- **၀၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၁၅** ကာတာကမ္ဘာ့ဖလား (Hightlights)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၄:၀၀** MRTV National News
- **၁၄:၂၀** News Desk
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စာနာတတ်သူတာဝန်ယူ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း-အပိုင်း(၆)
- **၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
- **၁၁:၃၀** 'အတွေးအမြင်'-အပိုင်း(၆)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၂၅** ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- **၀၆:၄၀** သုတေသနပြုခြင်းမှသည် ထွက်နှုန်းစံမီမြန်မာ့စပါးကို
- **၀၇:၄၀** 'မွေးမြူရေးရာအဖြာဖြာ'
- **၀၈:၅၀** စကားပြောသောပုံရိပ်များ
- **၀၉:၀၀** မိဘအမွေဆက်ခံကြမည့်မြေနိမ့်ကော်ဖီပင်လေးများ၏ရွှေရောင်လွှမ်းသည့်ခရီးလမ်း
- **၀၉:၃၅** အချိုဓာတ်မြင့်မားဖို့ကြံရွက်ချကြပါစို့
- **၀၉:၅၀** ပန်းမျိုးရင်းများစုဆောင်းသစ်ခွမျိုးများအကြောင်း

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၁၅:၂၀** 2022 World Cup Hightlignt / ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
- **၀၈:၀၀** မြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မကွေးမြို့၌ ဒီဇင်ဘာလ ဒုတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများပါဝင်ဆင်နွှဲ



မကွေး ဒီဇင်ဘာ ၁၀

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူလူထုကျန်းမာကြံ့ခိုင်စေရန်၊ ရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် သက်တမ်းစေ့နေနိုင်ရန်၊ အမျိုးသားအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ်(စနေနေ့)တိုင်း ဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာ ၁၀ ရက် နံနက် ၆ နာရီက လူထုစုပေါင်းလမ်းလျှောက်ပွဲ ဒုတိယပတ်အဖြစ် ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မကွေးသူနာပြု သင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် အားကစားစိတ်ဝင်စားသည့် ပြည်သူများ ပါဝင်ဆင်နွှဲခဲ့ကြသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စုပေါင်းလမ်းလျှောက်ပွဲ စုရပ်ဖြစ်သည့် မကွေးခရိုင်အားကစားကွင်းအနီးရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ပန်းခြံရှေ့မှစတင်ပြီး ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် ထိုမှတစ်ဆင့် မဲထီးလမ်းမှ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းဝင်း အားကစားကွင်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး အမှတ်(၂) အထက အားကစားကွင်းအတွင်း၌ ကာယလေ့ကျင့်ခန်း အတွဲ-၁၊ အတွဲ ၂ နှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁၂ - ၂၀၂၂

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၁၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၁၁၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၁၉၅ ကျပ် | ၂၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၇၀ ကျပ် | ၂၃၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၆၅ ကျပ် | ၁၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၆၀ ကျပ် | ၂၀၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၁၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၂ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၃၇၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၁၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၁၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၁၄၈၃ | ၁၉၂၃၂၄၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၁၅၈ | ၅၂၉၃၀၀ |
| MCB | ၇၇၀၀ | ၇၆၀၀ | ၅၁ | ၃၉၁၉၀၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၂၀၆ | ၃၉၁၄၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၅၀ | ၁၂၂၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြိတ်မြို့နယ်၌ စနစ်တကျထွန်ယက်ခြင်းနှင့် မျိုးကောင်းမျိုးသန့်စိုက်နိုင်ခြင်းကြောင့် တစ်ဧက စပါးတင်း ၁၄၀ အထိထွက်ရှိပြီး ဈေးကောင်းရနေ

**မြိတ် ဒီဇင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ရာသီတွင် စနစ်တကျ ထွန်ယက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ခြင်းကြောင့် တစ်ဧကလျှင် စပါး အစိုတင်း ၁၄၀ အထိ ထွက်ရှိလာသလို စပါး တင်း ၁၀၀ လျှင် ကျပ် ၁၂ သိန်းခွဲဝန်းကျင်အထိ ဈေးကောင်းရနေသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



ယခုနှစ်မိုးစပါးစိုက်ရာသီတွင် ယခင်နှစ် များကထက် သွင်းအားစုများ ဈေးကြီးမြင့်မှု များကြုံတွေ့ရသည့်အတွက် တောင်သူ များ လယ်ယာလုပ်ငန်းများ အဆင်ပြေစွာ လုပ်ကိုင်နိုင်ရန် မြိတ်ခရိုင်ဆန်ကုန်သည်ကြီး များအသင်းနှင့် သက်ဆိုင်ရာစိုက်ပျိုးရေးဌာန များက လယ်ယာမြေများကို သက်သာသော နှုန်းထားများဖြင့် ထွန်ယက်ပေးခြင်း၊ မျိုးစေ့ ထုတ်စိုက်ခင်းများနှင့် မိုးစပါးစံပြကွက် စိုက်ခင်းများသို့ ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်စပါးမျိုး များ ထုတ်ပေးခြင်း၊ ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း တို့ကြောင့် ယခုနှစ်တွင် စပါးအထွက်နှုန်းများ လည်း တိုးတက်လာခြင်းဖြစ်ကြောင်း သိရ သည်။

မြိတ်ခရိုင် ဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွေးဝေက "အရင်က သာမန် ထွန်ယက်စိုက်ပျိုးနေပေမယ့် မိုးစပါးအမီ ကျွန်တော်တို့က လယ်ထွန်စက်ကြီးတွေနဲ့ အနက် ခြောက်လက်မအထိ မြေညက်အောင် ထွန်ပေးခဲ့ပါတယ်။ စပါးမျိုးကောင်း မျိုးသန့် တွေကိုလည်း ထုတ်ပေးနိုင်ခဲ့တယ်။ ဒါကြောင့် မိုးစပါးစံပြစိုက်ကွက်တွေမှာ တင်း ၁၄၀ အထိ ထွက်လာတာဖြစ်တယ်။ စက်ကြီး တွေနဲ့ စနစ်တကျ မထွန်ယက်နိုင်သေးတဲ့ လယ်ယာတွေမှာလည်း မျိုးကောင်းမျိုးသန့် ချပေးနိုင်လို့ ယခင်က တစ်ဧက တင်း ၇၀ ထွက်တဲ့ လယ်တွေက အခုဆို တင်း ၁၀၀ လောက်အထိ ထွက်လာနေတယ်။ လာမယ့်နှစ် တွေမှာ စနစ်တကျထွန်ယက်ပေးပြီး မျိုးကောင်း မျိုးသန့်ချပေးတာ ဆက်လုပ်သွားနိုင်ရင်တော့ လယ်တွေအားလုံး တင်း ၁၄၀ အထိ ထွက်လာ မယ်။ အခုနှစ်ရာသီအစမှာ တင်း ၁၀၀ ကို ကျပ် ၁၂ သိန်းပေးဝယ်ပေမယ့် အခုစပါးအခြောက် မှန်လာတဲ့အတွက်ကျွန်တော်က ကျပ် ၁၂ သိန်းခွဲ အထိ တိုးပေးလိုက်တာပါ။ နွေစပါးကိုလည်း စနစ်တကျစိုက်ပျိုးနိုင်အောင် စီစဉ်ဆောင်ရွက် နေပြီး အထွက်နှုန်းတိုးအောင်လုပ်ဆောင်မှာ ပါ" ဟု ပြောသည်။



မြိတ်မြို့နယ်အတွင်း ယခုနှစ် နွေစပါး စိုက်ပျိုးရန်အတွက် ရေရရှိနိုင်သည့် စန္ဒဝတ်၊ အင်္ဂမော်၊မဇောစသည့် ရွာများ၌ ဒီဇင်ဘာ လအကုန်တွင် စတင်စိုက်ပျိုးနိုင်စေရန် လက်ရှိတွင် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်း များကို စတင်ဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရ သည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြတ်စိုးက "ဒီနှစ် မြို့နယ်အတွင်းမှာ တစ်ဧက စပါးအစိုအထွက်နှုန်း တင်း ၁၄၀ ခန့်၊ အခြောက်အနေနဲ့ဆိုရင် တစ်ဧက တင်း ၁၂၀ ခန့် ထွက်ရှိပါတယ်။ ယခင်နှစ်ကထက် ဒီနှစ်မှာ စပါးအထွက်နှုန်း ကောင်းလာပါတယ်။ တစ်မြို့နယ်လုံးအနေနဲ့ စပါးရိတ်သိမ်းမှုက ၆၅ ရာခိုင်နှုန်းလောက်တော့ ပြီးစီးနေပါ တယ်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှာ တော့ ရိတ်သိမ်းပြီးစီးပါမယ်။ မိုးစပါး ရိတ်သိမ်းပြီးရင်တော့ နွေစပါး ၈၅ ဧကနဲ့ ဆောင်းသီးနှံဖြစ်တဲ့ နှမ်း ၆၄ ဧက၊ နေကြာ ငါးဧက၊ မတ်ပဲ ငါးဧက စုစုပေါင်း နွေစပါးနဲ့ ဆောင်းသီးနှံ ၁၅၉ ဧကကို စိုက်ပျိုးဖို့လျာထား ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

မြိတ်မြို့နယ်အတွင်း၌ ယခုနှစ် မိုးစပါး စိုက်ရာသီတွင် မိုးစပါး ၄၂၄၇၆ ဧက စိုက်ပျိုး ခဲ့ပြီး နိုဝင်ဘာလဆန်းက စတင်ရိတ်သိမ်း ခဲ့ရာ လက်ရှိတွင် မိုးစပါးရိတ်သိမ်းပြီးစီးမှုမှာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ဇန်နဝါရီလဆန်းပိုင်းတွင် အပြီးရိတ်သိမ်း သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီး ဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ညောင်ဦးမြို့နယ်၌ မြေအောက်ရေအသုံးပြု ဖီးကြမ်းငှက်ပျော စိုက်ပျိုးမှုများလာ

**ညောင်ဦး ဒီဇင်ဘာ ၁၀**

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စုအတွင်း မြေအောက် ရေတူးဖော်ကာ မြေအောက်ရေသွင်း၍ ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် တောင်သူအရေအတွက် များပြားလာကြောင်း ဖီးကြမ်းငှက်ပျောစိုက် တောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်မှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းကို တပေါင်းလ၊ တန်ခူးလတို့တွင် စတင်လုပ်ကိုင် ကြပြီး လက်ပံခြေပေါ်အုပ်စုမှ ကျေးရွာများသည် ငှက်ပျောစိုက်ပျိုးရာတွင် ဖီးကြမ်းငှက်ပျောတစ်မျိုးတည်းသာ စိုက်ပျိုးကြကြောင်း၊ ငှက်ပျော ပေါ်ချိန်တွင်လည်း ဖီးကြမ်းငှက်ပျောကသာ ရောင်းအားပိုကောင်းပြီး ဈေးနှုန်းလည်းရရှိခြင်းကြောင့် ရခိုင်ငှက်ပျောကို စိုက်ပျိုးမှုမရှိသလောက် ဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးက ပြောသည်။

ဖီးကြမ်းငှက်ပျောစိုက်ပျိုးရာတွင် တစ်ပင်တစ်ကျင်းစိုက်ပျိုးခြင်း၊ တစ်ကျင်းနှစ်ပင်စိုက်ပျိုးခြင်း၊ ကွက်စိပ်ချစိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုး ကြပြီး တစ်ပင် တစ်ကျင်းစိုက်ပျိုးသည့် တောင်သူများက ငှက်ပျောသား တက်မထားဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်စိုက်ကြ ကြောင်း၊ တစ်ကျင်းနှစ်ပင်စိုက် တောင်သူများမှာမူ ငှက်ပျောသားတက် တစ်ပင် တစ်တက်ထားပြီး စိုက်ပျိုးကြကြောင်း သိရသည်။

ငှက်ပျောပင်စိုက်ပြီး ၁၀ လ၊ ၁၁ လတွင် ငှက်ပျောသီးများပေါ်ကာ ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောသီးများကို ညောင်ဦး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်းနယ်များမှ ပွဲစားများက ငှက်ပျောခြံအထိ လာရောက်ဝယ်ယူကြသဖြင့် လက်ပံခြေပေါ်အုပ်စုအတွင်း ကျေးရွာများ ၌ မြေအောက်ရေဖြင့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးမှု များလာခြင်းဖြစ် ကြောင်း သိရသည်။

**ဝင်းထိန်(ပြန်/ဆက်)**



# ပိုင်ကျုံမြို့၌ မိသားစုဆီဖူလုံရေးအတွက် နှမ်းများ တစ်ပိုင်တစ်နိုင်စိုက်ပျိုး

**ပိုင်ကျုံ ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများ မှ ဒေသနေပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်ကာ ဆီထွက်သီးနှံ ဖြစ်သည့် နှမ်းစိုက်ပျိုးခြင်းကိုလည်း မိသားစု စားသုံးဆီဖူလုံရေးအတွက် သီးညှပ်အဖြစ် တစ်ပိုင်တစ်နိုင် စိုက်ပျိုးလာကြကြောင်း သိရသည်။

ပိုင်ကျုံမြို့နယ်အတွင်းမှ တောင်ယာလုပ်ငန်းလုပ်ကိုင်သည့် တောင်သူများအနေဖြင့် မိမိတောင်ယာတွင် ဆူးထိုးစိုက်ပျိုးသည့် စပါး များအပြင် မိသားစုဆီဖူလုံရေးတွက် မိုးနှမ်းများကိုလည်း သီးညှပ်အဖြစ် စိုက်ပျိုးလာကြခြင်းဖြစ်ကာ လယ်ယာလုပ်ကိုင်သည့် တောင်သူ လယ်သမားများကလည်း လယ်ယာမြေများနှင့် ကိုင်းမြေများတွင် စပါးများအပြင် စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးစရိတ် သက်သာသည့် မြေပဲနှင့်နှမ်းစိုက်ပျိုးခြင်းလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်လာကြခြင်း ဖြစ်သည်။

ထိုသို့ နှမ်းနှင့် ဆီထွက်သီးနှံများကို တွဲဖက်စိုက်ပျိုးလာခြင်းကြောင့် မိသားစုစားဝတ်နေရေးနှင့် ဆီဖူလုံရေးအတွက် အထောက်အကူဖြစ်စေ ပြီး အပိုဝင်ငွေရရှိရန်အတွက် နှမ်းများပေါ်ချိန်တွင် ဈေးကောင်းရရန် မျှော်လင့်ကြောင်း၊ ယခုနှစ် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုများခြင်း ကြောင့် နှမ်းများ အထွက်တိုးနိုင်ကြောင်း နှမ်းစိုက်တောင်သူများထံမှ သိရသည်။

**နော်ခူး(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ထိုင်ဝမ်ဖူးစားပြောင်းများ ဈေးကောင်းရရှိ

**ကျွန်းလှ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ထိုင်ဝမ်ဖူးစားပြောင်း ကို ချောင်းရေနှင့် မြေအောက်ရေတင်ပြီး စိုက်ပျိုးလျက်ရှိရာ ယခုနှစ် တွင် ဈေးနှုန်းပိုရောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူ များထံမှ သိရသည်။

ကျွန်းလှမြို့နယ်အတွင်း ရှမ်းစုကျေးရွာမှ တောင်သူတစ်ဦးက "ကျွန်တော်တို့ရွာမှာ တောင်သူတွေက စပါးအပြင် ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံကို နွေ၊ မိုး၊ ဆောင်း ချောင်းရေတင် စိုက်ပျိုးကြပါတယ်။ ဒီနှစ်စိုက်ပျိုးတဲ့ ထိုင်ဝမ်ဖူးစားပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး တစ်ဖူးကို ကျပ် ၂၅၀ မှ ၃၀၀ အထိ ရောင်းရပါတယ်။ ပြောင်းရိုးကို လည်း ကျွဲ၊ နွားစာအဖြစ် အသုံးပြုရတဲ့အတွက် စိုက်ပျိုးသင့်ပါ တယ်" ဟု ပြောသည်။



ကျွန်းလှမြို့နယ်အတွင်း ယခုနှစ် ဖူးစားပြောင်း စိုက်ပျိုးရန် ၁၃၃၇ ဧက လျာထားပြီး လက်ရှိအချိန်အထိ ၇၁၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**


# ပွင့်ဖြူမြို့နယ်၌ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားနွေသီးနှံ ကေခြောက်သောင်းကျော် စိုက်ပျိုးမည်

**ပွင့်ဖြူ ဒီဇင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံ ဧကခြောက်သောင်းကျော် လျာထားစိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေများ စနစ်တကျ ဖြန့်ဝေပေးလျက်ရှိရာ လာမည့် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း ဒေသခံတောင်သူများ နွေစပါး၊ နွေနှမ်းနှင့် အခြားနွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်စေရန် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ လာမယ့် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ဒေသခံတောင်သူတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် ဖေဖော်ဝါရီ ၁၅ ရက်က စပြီးတော့ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေ စတင်ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ ဆည်ရေပေးဝေးမှုစနစ်ကတော့ တောင်မုန်းမြောင်းနဲ့ မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ နွေသီးနှံအတွက် ဆည်ရေပေးဝေမှု အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း ဒေသခံတောင်သူတွေ လယ်ယာလုပ်ငန်းခွင် ကြိုတင်ပြင်ဆင်နိုင်အောင် ကြိုတင်ပြီး အသိပေးထားပြီး ဖြစ်ပါတယ်။ တစ်မြို့နယ်လုံး နွေသီးနှံလျာထားစိုက်ပျိုးမှုအနေနဲ့ တောင်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ နွေစပါး ၂၉၅၄၈ ဧက၊ မြောက်မုန်းမြောင်းမကြီး ဆည်ရေသောက်ဧရိယာမှာ နွေနှမ်းနဲ့ အခြားနွေသီးနှံ ဧက ၃၀၈၈၀ စုစုပေါင်း ၆၀၄၂၈ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ နောက်ပြီး ဒေသခံတောင်သူတွေ ဆည်ရေစနစ်တကျသုံးစွဲတတ်စေဖို့အတွက် ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းပေးထားပြီးဖြစ်သလို လိုအပ်တဲ့ စွမ်းဆောင်ရည်မြှင့်သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချထားပြီး ဖြစ်ပါတယ်" ဟု ဦးစီးအရာရှိက ပြောသည်။




ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြပြီး အဓိက စိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲကြီး၊ မတ်ပဲ၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ နှံစားပြောင်းတို့ဖြစ်ကာ အချို့တောင်သူများက စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် ဟင်းသီးဟင်းရွက်သီးနှံများကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေအဆင်ပြေသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ငါ့သရောက်မြို့နယ်၌ ပင်ပြန့်မြေပဲဖော်ချိန် မြေပဲအထွက်နှုန်းများ ကောင်းမွန်လျက်ရှိ

**ညောင်ဦး ဒီဇင်ဘာ ၁၀**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်း ကျေးရွာများ၌ စိုက်ပျိုးထားသော ပင်ပြန့်မြေပဲများဖော်ချိန်တွင် အထွက်နှုန်းကောင်းသောကြောင့် မြေပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မိုးဦးမိုး ရွာသွန်းမှုနည်းခဲ့ခြင်းကြောင့် နှမ်းစိုက်တောင်သူများ နှမ်းမရခဲ့ကြဘဲ မိုးလယ်မိုးဖြင့်သာ ပင်ပြန့်မြေပဲများ စတင်စိုက်ပျိုးခဲ့ကြကြောင်း၊ ဇူလိုင်လတွင်မှ ခြောက်လမြေပဲ(ပင်ပြန့်)များ စိုက်ပျိုးခဲ့ရာ မိုးရွာသွန်းမှုကောင်းခြင်းကြောင့် ယခု ပင်ပြန့်မြေပဲနုတ်သိမ်းချိန်တွင် တစ်တင်းစိုက်ပျိုးမှုမှ ၁၅ တင်းမှ တင်း ၂၀ အထိ ထွက်ရှိပြီး ပင်ပြန့်မြေပဲစိုက်တောင်သူများ မြေပဲရကြကြောင်း ကုလားတဲကျေးရွာမှတောင်သူ ဦးသန်းထိုက်က ပြောသည်။

ဆင်သားမွေးကျေးရွာမှမြေပဲစိုက်တောင်သူ ဦးစိုးဝင်းကလည်း ငါ့သရောက်မြို့နယ်အတွင်း ယခုနှစ် မြေပဲနုတ်သိမ်းချိန်တွင် တောင်သူများအနေဖြင့် မြေပဲခြွေလှေ့စက်များ အသုံးများလာကြောင်းနှင့် မြေပဲတစ်တင်းကို စက်ဖြင့်ခြွေလှေ့ခ တစ်ထောင်ကျပ်ပေးရကြောင်း၊ လူတစ်ဦး မြေပဲတစ်တင်းဆွတ်ခူးခမှာ ကျပ် ၁၅၀၀ ပေးရကြောင်း၊ လက်ရှိအချိန်တွင် ငါ့သရောက်တစ်နယ်လုံးမှ ပင်ပြန့်မြေပဲစိုက်ခင်းများတွင် အထွက်နှုန်းကောင်းပြီး တောင်သူများ မြေပဲအရများကြကြောင်း ပြောသည်။


ပင်ပြန့်မြေပဲများ နုတ်သိမ်းနေကြသည့် တောင်သူများ။

ငါ့သရောက်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်း ညောင်ဦးခရိုင်တွင်ပါဝင်ကာ တစ်နှစ်ပတ်လုံး မိုးရေချိန် လက်မ ၂၀ အောက်သာ ရွာသွန်းသည့် မိုးနည်းရပ်ဝန်းဒေသဖြစ်၍ မိုးရာသီတစ်ရာသီသာ စိုက်ပျိုးရေးလုပ်ကိုင်နိုင်သော မြို့ဖြစ်သည်။ မိုးရာသီအချိန်တွင်လည်း နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့် ပြောင်းတို့ကိုသာ အဓိက စိုက်ပျိုးနိုင်ကြောင်း သိရသည်။

**ဝင်းထိန်(ပြန်/ဆက်)**

# သံတောင်ကြီးဒေသထွက် ကွမ်းသီးခြောက်များ ဈေးကောင်းရရှိ

**သံတောင်ကြီး ဒီဇင်ဘာ ၁၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်သည် တောင်ပေါ်ဒေသဖြစ်ပြီး ဒေသခံပြည်သူများမှာ အများအားဖြင့် ဥယျာဉ်ခြံလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအနေဖြင့် အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ကွမ်းသီးစိုက်ပျိုးခြင်းလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ယခုနှစ်တွင် သံတောင်ကြီးဒေသထွက် ကွမ်းသီးအခြောက်များ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ကွမ်းသီးစိုက်ပျိုးတောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် ကွမ်းသီးပင်များကို စိုက်ပျိုးလျက်ရှိပြီး ကွမ်းသီးပင်များသည် စိုက်ပျိုးသည့် အချိန်မှစ၍ အပင်သက်တမ်း ခုနစ်နှစ်တွင် စတင်အသီးသီးကာ အသီးရင့်မှည့်သည့် အောက်တိုဘာမှ ဒီဇင်ဘာလအတွင်း ခူးယူရောင်းချရကြောင်း၊ ကွမ်းသီးပင်တစ်ပင်လျှင် အရင့်မှည့်သီးများကို နှစ်ပြန်အထိ ခူးယူလေ့ရှိပြီး ကွမ်းသီးများကို အနီသီးနှင့် အဖြူသီးဟူ၍နှစ်မျိုးခွဲခြား၍ စိုက်ပျိုးကြောင်း၊ ယခုနှစ်တွင် ကွမ်းသီးအနီသီးအခြောက် တစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ၇၀၀၀ အထိ၊ ကွမ်းသီးအဖြူသီးအခြောက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀မှ ၈၀၀၀ ရရှိသည့်အတွက် ကွမ်းသီးစိုက်တောင်သူများ အဆင်ပြေကြကြောင်း သိရသည်။

**နော်နော်မူ**

# ကျောက်ဆည်မြို့နယ်အတွင်း စိုက်ပျိုးသော ပန်းမုန်လာများ ဈေးကောင်းရနေ

**ကျောက်ဆည် ဒီဇင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း ယာမြေအချို့နှင့် ကိုင်းကျွန်းမြေများတွင် ဥယျာဉ်ခြံမြေနှင့် သီးပင်စားပင်များ၊ ကာလတို ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုအခါ ပန်းမုန်လာဈေးကွက်ကောင်းသဖြင့် ပန်းမုန်လာစိုက်တောင်သူများ ဝင်ငွေကောင်းနိုင်ကြောင်း သိရသည်။

ပန်းမုန်လာသီးနှံသည် ဆောင်းသီးနှံတစ်မျိုးဖြစ်ပြီး ဆောင်းရာသီတွင် စိုက်ပျိုးပါက သွင်းအားစုနည်း၍ ဖြစ်ထွန်းမှုကောင်းမွန်ကြောင်းနှင့် တောင်သူများအနေဖြင့် ဈေးကောင်းရရှိရန်အတွက် မိုးတွင်းကာလတွင် စိုက်ပျိုးလာကြကြောင်း၊ မိုးတွင်းကာလတွင် ပန်းမုန်လာစိုက်ပျိုးပါက ပျိုးပင်သေပျောက်မှုရှိသည့်အတွက် မျိုးစေ့ပို၍ အသုံးပြုရကြောင်း၊ ထို့ပြင် မိုးရာသီတွင် ပေါင်းမြက်ရှင်းလင်းစရိတ်နှင့် ပိုးမွှားကာကွယ်ဆေးများ ပို၍ အသုံးပြုရသဖြင့် တစ်ဧကစိုက်ပျိုးစရိတ်ကျပ်ခြောက်သိန်းမှ ခုနစ်သိန်းခန့် ကုန်ကျကြောင်း၊ အပင်ပြုစုမှုကောင်းပါက တစ်ဧကလျှင် ရောင်းတန်းဝင် ပန်းမုန်လာပင် ၈၀၀၀ ခန့် ထွက်ရှိပြီး တစ်ပင် ၅၀၀ ကျပ်နှုန်း ရောင်းချရပါက ကျပ်သိန်း ၄၀ ခန့်အထိ ပြန်လည်ရရှိနိုင်သဖြင့် ပန်းမုန်လာသည် ကျွမ်းကျင်မှုရှိပါက စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးဖြစ်ကြောင်း ပင်တလည်ကျေးရွာမှ ပန်းမုန်လာစိုက်တောင်သူ ဦးဆန်းဝင်းက ပြောသည်။

ပန်းမုန်လာသီးနှံသည် သွင်းအားစု ကုန်ကျစရိတ်များသော်လည်း မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်သည့် သီးနှံတစ်မျိုးဖြစ်ပြီး ရာသီအစောပေါ်ပါက ဈေးကောင်းပိုရသဖြင့် ကျောက်ဆည်မြို့နယ်မှ တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

**သက်မောင် (ပြန်/ဆက်)**



# မြင်းမူမြို့နယ်၌ ကုလားပဲ ၁၄၁၂၅ ဧက စိုက်ပျိုးထားရှိပြီးဖြစ်

**မြင်းမူ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ ၂၀၂၂ -၂၀၂၃ စိုက်ပျိုးရာသီအတွက် ကုလားပဲ ၁၄၁၂၅ ဧကကို စိုက်ပျိုးထားရှိပြီးဖြစ်ရာ ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွက် ကုလားပဲ ၁၃၂၂၂ ဧကကို စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ၁၄၁၂၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့၍ ဒေသခံတောင်သူများအနေဖြင့် ၉၀၃ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဓိကအားဖြင့် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းပိုမိုကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ မြင်းမူမြို့နယ်အနေဖြင့် ယမန်နှစ် စိုက်ပျိုးရာသီကလည်း ကုလားပဲ ၁၄၃၁၈ ဧကကို စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကုလားပဲစိုက်ပျိုးရာတွင် မျိုးစေ့/ထွန်ရှင်းခနှင့် ဆေးဖိုးအပါအဝင်ကျပ်သုံးသိန်းကျော် ကုန်ကျကြောင်း၊ ယမန်နှစ် စိုက်ပျိုးခဲ့စဉ်က တစ်ဧကလျှင် ၁၉ တင်းနီးပါး ထွက်ရှိခဲ့ပြီး ဝယ်ယူသည့်ဈေးနှုန်းသင့်တင့်သည့်အတွက် အမြတ်ငွေရရှိခဲ့ကြောင်းနှင့် ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းရန်နှင့် ဈေးနှုန်းကောင်းရန် တောင်သူများက မျှော်လင့်လျက်ရှိကြောင်း ကုလားပဲစိုက်ပျိုးနေသည့် တောင်သူများက ပြောသည်။

**အောင်စိုးဖေ(မြင်းမူ)**



မော်ရိုကိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို နက်စ်ဆရီက ခေါင်းတိုက်သွင်းယူစဉ်။

# ပေါ်တူဂီကို အနိုင်ရပြီး မော်ရိုကိုအသင်း ကမ္ဘာ့ဖလားဆီမီးဖိုင်နယ် တက်လှမ်း

ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဒီဇင်ဘာ ၁၀ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မော်ရိုကိုနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်တွင် မော်ရိုကိုအသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

မော်ရိုကိုအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်သည့် အာဖရိက ကိုယ်စားပြုအသင်း ဖြစ်လာခဲ့သည်။

ပေါ်တူဂီနည်းပြ ဆန်းတို့စ်သည် အမိက တိုက်စစ်မှူး စီရော်နယ်ဒိုကို ပွဲထွက် ၁၁ ဦး ကစားသမားစာရင်းကနေ ချန်လှပ်ထားခဲ့ပြီး ယခင်ပွဲစဉ်တွင် ခြေစွမ်းပြကာ ဟက်ထရစ်ရယူနိုင်ခဲ့သည့် ရာမို့စ်ကို ထည့်သွင်းအသုံးပြုကာ မော်ရိုကိုအသင်းကို ရင်ဆိုင်လာခဲ့သည်။ ယခုပွဲစဉ်တွင် မော်ရိုကိုအသင်းက မာကျောကျစ်လျစ်သည့် ကစားဟန်နှင့်အတူ ပေါ်တူဂီအသင်းကို ပွဲချိန်တစ်လျှောက် တန်းတူယှဉ်ကစားခဲ့ပြီး ပုံစံကောင်း ပြသနိုင်ခဲ့သည်။

ပွဲချိန် ၄၂ မိနစ်တွင် မော်ရိုကိုအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး နက်စ်ဆရီက ခေါင်းတိုက်သွင်းယူပေးနိုင်ခဲ့သည်။ အဖွင့်ဂိုး ခွင့်ပြုပေးခဲ့ရပြီးနောက် ပေါ်တူဂီအသင်း ချေပဂိုးရရှိရေးကြိုးစားလာခဲ့သော်လည်း မော်ရိုကိုအသင်း ခံစစ်နှင့် ဂိုးသမားတို့ လက်စွမ်းပြ ကာကွယ်ထားနိုင်မှုတို့ကြောင့် ရှုန်းကန်ခဲ့ရသည်။ ထို့အပြင် ပေါ်တူဂီအသင်းထက် မော်ရိုကိုအသင်းကသာ ဂိုးရရှိနိုင်သည့်အခွင့်အရေးများကို ပိုမိုပြုလုပ်နိုင်ခဲ့သည်။

ထို့နောက်တွင် နှစ်သင်းစလုံး လူစားအပြောင်းအလဲများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိသောကြောင့် မော်ရိုကိုအသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော မော်ရိုကိုအသင်းသည် အင်္ဂလန်နှင့် ပြင်သစ်အသင်းတို့ပွဲစဉ်မှ အနိုင်ရရှိမည့်အသင်းနှင့် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

---

○ *ကျောဖုံးမှ*

မက်ဆီ၏ ဖန်တီးမှုမှ မိုလီနာက သွင်းယူနိုင်ခဲ့သည်။ အဖွင့်ဂိုး ခွင့်ပြုပေးခဲ့ရပြီးနောက် နယ်သာလန်အသင်း ချေဂိုးရရှိရေး ကြိုးစားလာသော်လည်း လုံလောက်သည့် စွမ်းဆောင်မှုမျိုး ပြသထားနိုင်ခြင်း မရှိသောကြောင့် ဝေးကွာခဲ့ရသည်။

ပွဲချိန် ၇၅ မိနစ်တွင် အာဂျင်တီးနားအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ မက်ဆီက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် နှစ်ဂိုးပြတ်ဖြင့်နယ်သာလန်အသင်းကို ဦးဆောင်ထားနိုင်ခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် နယ်သာလန်အသင်း ချေပဂိုးများရရှိရေး အရှိန်မြှင့်ကစားလာခဲ့ရာ ပွဲချိန် ၈၃ မိနစ်နှင့် နာကျင်အချိန်ပိုတွင် ဝက်ဟော့သ်က သွင်းယူနိုင်ခဲ့သည့်အတွက် တစ်ဖက် နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ထို့နောက် သာမန်ပွဲကစားချိန်အတွင်း အရှုံးအနိုင်အဖြေမပေါ်သည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း ပြတ်သားသည့် ရလဒ်ထွက်ပေါ်ထားခြင်း မရှိသောကြောင့် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရခြင်း ဖြစ်သည်။

ပယ်နယ်တီ အဆုံးအဖြတ်တွင် အာဂျင်တီးနားအသင်းက လေးဂိုး- သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**ဇော်ဇော်**

---

# ဘရာဇီးနည်းပြအဖြစ်မှ တီတီ နုတ်ထွက်

နည်းပြ တီတီသည် ကမ္ဘာ့ဖလားပြိုင်ပွဲကွာတားဖိုင်နယ်တွင် ခရိုအေးရှားအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ဘရာဇီးအသင်းနည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း သိရသည်။



ကျွန်မ ဒေါ်ချောစု(ခ)ဒေါ်မီမီလွင် (ဘ) ဦးလှမြင့် ၉/မကန(နိုင်) ၀၀၀၁၇၆ နှင့် ဦးမြင့်ဆွေ ၉/မကန(နိုင်)၀၆၂၇၁၅ တို့သည် လင်မယားအဖြစ် ပေါင်းသင်းခဲ့သည်မှာ (၂၄)နှစ်ခန့်ရှိပြီဖြစ်ပြီး ဦးမြင့်ဆွေသည် ကျွန်မအား အမျိုးမျိုးရန်ရှာပြီး အသက် အန္တရာယ်ပြုသည့်အတွက် ကျွန်မသည် နေအိမ်ပေါ်မှ (၇-၁၀-၂၀၂၂)ရက်နေ့တွင် ဆင်းလာခဲ့ပါသည်။ ကျွန်မနှင့်ဦးမြင့်ဆွေတို့ လက်ထပ်ပေါင်းသင်းစဉ် တောင်ကြီးမြို့နယ်၊ ဖာမွှန်းကျေးရွာအုပ်စု၊ ထီဖောင်းကျေးရွာအုပ်စု၊ နောင်လေကျေးရွာအုပ်စု ထီအုံရွာအနီးရှိ မြေကွက်များ၊ ညောင်ရွှေမြို့နယ်၊ မော်ဘီကျေးရွာအုပ်စုရှိ မြေကွက်များ၊ တောင်ကြီးမြို့၊ ကွန်ပျူတာတက္ကသိုလ် အနောက်မြောက်ဘက်ရှိ မြေကွက်များ၊ ကံကြီးရပ်ကွက်ရှိ မြေကွက်များတို့တွင် လင်မယားနှစ်ဦးပိုင် မြေကွက်များဝယ်ယူခဲ့ခြင်း၊ အခြားသူများနှင့်ပေါင်းစပ်၍ မြေကွက်များ ဝယ်ယူခဲ့ခြင်းလုံးဝမရှိပါသဖြင့်ကျွန်မအနေဖြင့်အရောင်းအဝယ်ပြုလုပ်ခြင်း၊ အမည် လွှဲပြောင်း၍ အရောင်းအဝယ်ပြုလုပ်ခြင်း၊ တခြားနည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ရန် အကြောင်းလုံးဝမရှိပါကြောင်း ဦးမြင့်ဆွေ၏ အများပြည်သူသိရှိစေရန် ကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာလိုက်ပါသည်။

**ဒေါ်ချောစု(ခ)ဒေါ်မီမီလွင် ၉/မကန(နိုင်)၀၀၀၁၇၆**
**အမှတ်(၂၈၁) နယ်မြေ(၃)၊ မြို့ရှောင်လမ်းသွယ်၊**
**ကံကြီးရပ်ကွက် ၊တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ဖြူးမြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂**

ဦးရိုဆန်ကူးမား နှင့် ၁။ ဦးညီညီအောင်
၂။ မစုနိုင်အေး

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ (၄၇)လမ်း၊ ဘန်းလောင်ရပ်နေ ဦးညီညီအောင်နှင့် မစုနိုင်အေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးရိုဆန်ကူးမားက ငွေကျပ်သိန်း (၆၀)ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ရက် (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နီလာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**ဖြူးမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊မြဝတီမြို့၊ အထက(ဝါးတော)Grade-8 မှ မခိုင်ခင်လင်း၏ ဖခင်အမည်မှန်မှာ စောကျော်ဇော ၃/ကကရ(နိုင်) ၀၈၉၇၅၆ ဖြစ်ပါကြောင်း။

**စောကျော်ဇော**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ဝါးတော)Grade-9 မှ စောဟိန်းမိုးစက်၏ ဖခင်အမည်မှန်မှာ ဦးကြည်သိန်း ၃/ဘအန(နိုင်)၁၇၇၈၈၄ ဖြစ်ပါကြောင်း။

**ဦးကြည်သိန်း**

## ကွယ်လွန်သူ( မိခင်) ဒေါ်အေးရှင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလှအောင် ၁၄/ကလန(နိုင်)၀၇၅၇၈၆ ကိုင်ဆောင်သူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် အနော်မာ(၁၁)လမ်းအရှေ့၊ အမှတ်(၄၉၀) နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှအောင်သည် မိခင်ဒေါ်အေးရှင် ၁၄/ကလန(နိုင်)၀၂၉၄၁၇ ကွယ်လွန်၏သားကြီးဖြစ်ပါသည်။ မိခင်ကွယ်လွန်သည့်အခါ ကျွန်ုပ်၏မိတ်ဆွေ ဦးလှအောင်နှင့် ညီမဖြစ်သူ ဒေါ်အုန်းမြင့် ၁၄/ကလန(နိုင်) ၀၇၅၇၉၅ မောင်နှမနှစ်ဦး ကျန်ရစ်ခဲ့ပါသည်။ မိခင်ကွယ်လွန်ပြီးနောက် မိခင်ပိုင်ဆိုင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ဦးစန္ဒာလမ်း၊ (၁၀)လမ်းထိပ်၊ အမှတ်(၁၇၆)ရှိ (ပေ ၄၀ x ပေ ၆၀) မြေနှင့် ပျဉ်ထောင်အိမ်ကျန်ရစ်ခဲ့ပြီး လက်ရှိညီမဖြစ်သူ ဒေါ်အုန်းမြင့်နှင့် မိသားစုနေထိုင်လျက်ရှိပါသည်။ အဆိုပါ မိခင်ကျန်ရစ်ခဲ့သော မြေနှင့်အိမ်စပ်လျဉ်း၍ ကျန်ရစ်သူများဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဦးလှအောင်နှင့် လက်ရှိနေထိုင်သူ ဒေါ်အုန်းမြင့်တို့အကြား၌ အစ္စလာမ်တရားတော်နှင့်အညီ အမွေခွဲဝေခြင်းမရှိသေးပါ။ မိခင်ကြီးကျန်ရစ်ခဲ့သော မြေနှင့်အိမ်စပ်လျဉ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဦးလှအောင်၏ သဘောတူညီခြင်းမရှိဘဲ မည်သူတစ်စုံတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်ကြီး(B.A,H.G.P,R.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၇/၇၉)**
**၀၁-၇၅၇၇၉၄၀၊ ၀၉-၉၈၉၃၄၂၀၆၄**

## အမွေပြတ်စွန့်လွှတ်ခြင်းအား ရုပ်သိမ်းခြင်း

ကျွန်တော် ကျွန်မတို့၏သမီးဖြစ်သူ မသူဇာဝင်း ၁၂/ပဘတ(နိုင်)၀၀၁၇၈၉ အား ၃-၁၀-၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၄)တွင် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခဲ့ပါသည်။ ယခုအခါ မိဘ၏ ဆိုဆုံးမမှုများနာခံခြင်း၊ သားသမီးဝတ်နှင့်အညီ မိဘများအား ပြုစုစောင့်ရှောက်ခြင်းတို့ကြောင့် သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာချက်ကိုရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဖခင်)ဦးထွန်းမြင့်- ၁၂/ပဘတ(နိုင်)၀၁၁၂၈၃**
**(မိခင်) ဒေါ်စိုးစိုး ၁၂/ပဘတ(နိုင်)၀၁၄၂၀၇**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (ညောင်ပင်) Grade-9 မှ မပန်းစုစုဝေ၏ ဖခင်အမည်မှန်မှာ ဦးညွန့်လင်းနိုင် ၁/မညန(နိုင်)၁၁၈၂၆၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ အထက(ခွဲ)လ(၁)ကျောင်း၊ Grade-10 မှ မဘီဘီဝေ၏ ဖခင်အမည်မှန်မှာ ဦးလဆန်တူး ၅/ကသန(နိုင်) ၀၅၇၃၃၀ ဖြစ်ပါသည်။

**ဦးလဆန်တူး**

## ဖခင်အမည်မှန်

ခရမ်းမြို့နယ်၊ ဇီးဖြူပင်ကျေးရွာ အထက Grade-11 မှ မချစ်သဲစု ၁၂/ခရန(နိုင်) ၁၆၈၉၈၅ ၏ ဖခင်အမည်မှန်မှာ ဦးတင်ဆန်း ၁၂/ခရန(နိုင်) ၀၁၉၅၇၄ ဖြစ်ပါကြောင်း။

**ဦးတင်ဆန်း**

## အမည်မှန်

အုတ်တွင်းမြို့နယ်၊ ဂုံမင်းသာကျေးရွာအုပ်စု၊ ဆိပ်ဖူးကုန်းကျေးရွာနေ ဦးဌေးဦး၏သား မောင်ပြည့်စုံအောင်(ကျောင်းဝင် အမှတ်-၀၀၀၄) ခင်ကြီးသစ် (မူလွန်) ပဉ္စမတန်း၏ အမည်မှန်မှာ မောင်ပြည့်စုံဦး ဖြစ်ပါကြောင်း။

**မောင်ပြည့်စုံဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6W/98866, Kenbo Dream 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၄/ဟသတ(နိုင်)၀၅၄၄၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/5858, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝင်းမေ ၁၄/ဟသတ(နိုင်)၃၁၁၈၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်(-)၊ သဇင်လမ်း၊ မြေကွက်အမှတ်(၂၉၁)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမျိုးဝင်း(L/ RGN-၀၂၉၃၁၆)အမည်ပေါက်မြေချပါမစ်မြေကွက်အနက်မှ (ခေါင်းရင်းခြမ်း)အကျယ်အဝန်း(၂၂ပေ× ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ယဉ်ယဉ်မိုး(၁၂/ အစန(နိုင်)၀၆၇၉၂၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးဇော်မျိုးနိုင် | လွှဲအပ်ညွှန်ကြားချက်အရ - | ဦးတင်ကိုလှိုင် |
|---|---|---|
| LL.B, D.B.L | | LL.B |
| အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) | | အထက်တန်းရှေ့နေ(စဉ်-၅၀၅၈၂) |

အမှတ်(၇၂/မြေညီ)၊ မိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ မိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

## မြို့နယ်သမဝါယမအသင်းစုလီမိတက် ကျောင်းကုန်းမြို့ ဧရာဝတီတိုင်းဒေသကြီး လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုပိုင်မှ အောက်ဖော်ပြပါ ဂိုဒေါင်အဆောက်အအုံအပါအဝင် မြေကွက်နှင့်လယ်မြေများကို အိတ်ပိတ်လေလံစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်-

(က) ကျောင်းကုန်းမြို့နယ်၊ ကောက်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၃၆၂၊ ဝါးတောကွင်းရှိ ဦးပိုင်အမှတ် (၁၂/၃၊ ၆၀/၆၊ ၆၀/၅)ရှိ လယ်မြေ ၂၅ ဒသမ ၅၀ဧကေ

(ခ) ကျောင်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အောင်ဆန်းလမ်း အကွက်အမှတ်(၃၇၄)၊ ဦးပိုင်အမှတ်(၃၉/၂)ရှိ ပေ(၉၀x၁၇၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေ(၈၀x၄၀x၂၃)ရှိ သွပ်မိုး၊ အုတ်ပတ်ကား၊ သမံတလင်းခင်း ဂိုဒေါင်(၁)လုံး

| | | |
|---|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - | ၁၁-၁၂-၂၀၂၂ရက်မှ ၂၆-၁၂-၂၀၂၂ရက်အထိ |
| **လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** | - | ၂၆-၁၂-၂၀၂၂ရက် ၊ ၁၆:၀၀နာရီ |
| **လေလံလျှောက်လွှာရောင်းချမည့်နေရာ** | - | မြို့နယ်သမဝါယမအသင်းစု၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

၂။ အာမခံစပေါ်ငွေပေးသွင်းထားသည့် အထောက်အထားမူရင်းအား သက်ဆိုင်ရာလေလံထုခွဲရောင်းချရေးအဖွဲ့ထံ အပ်နှံရမည်ဖြစ်ပြီး လေလံဈေးနှုန်းတင်သွင်းလွှာ၊ လျှောက်လွှာပိတ်သိမ်းမည့်ရက် ၂၆-၁၂-၂၀၂၂ ရက်၊ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ကျောင်းကုန်းမြို့နယ်သမဝါယမအသင်းစုတွင် ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသော ဈေးနှုန်းတင်သွင်းလွှာ လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ လေလံလျှောက်လွှာပိတ်သိမ်းပြီးနောက်နေ့ ၂၇-၁၂-၂၀၂၂ ရက်၊ ၁၀း၀၀နာရီတွင် လေလံဖွင့်လှစ်ရောင်းချခြင်းကို ကျောင်းကုန်းမြို့၊ မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၀၉-၄၅၁၂၃၈၂၆၉၊ ၀၉-၄၂၂၄၉၈၂၂၄၊ ၀၉-၇၉၂၀၃၀၆၀၇

လေလံတင်ထုခွဲရောင်းချရေးအဖွဲ့

## ၁၆-၁၀-၂၀၂၂ရက်ထုတ်မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၆ပါ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၁၁၆၆၆၈ နှင့် အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၁၁၆၆၆၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ဒေါ်တင်တင်မျိုးထက်၏ကြေညာချက်၌ မမှန်ကန်သော အချက်အလက်များ ပါရှိနေပါသည်။

ဒေါ်တင်တင်မျိုးထက်၏ ကြေညာချက်တွင်ပါရှိသော ပစ္စည်းများနှင့်စပ်လျဉ်း၍ သင်္ဃန်းကျွန်းခရိုင်တရားရုံး တရားမကြီး-၉၉၉/၂၀၂၂ အမှုတွင် တရားရုံး၌ အသေးစိတ် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးဇော်ဝင်းနှင့်ဇနီးဖြစ်သူ ဒေါ်တင်တင်မျိုးထက် ၁၂/သဃက(နိုင်)၁၃၄၇၄၇တို့၏ လက်ထက်ပွားပစ္စည်းတွင် ဒေါ်တင်တင်မျိုးထက် လက်ရှိနေထိုင်လျက်ရှိနေသော အမှတ် ၇၆၁/ခ၊ ငမိုးရိပ်(၂)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ( ၁၂ ၁/၂' x ၅၀') အကျယ်အဝန်းရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော အမြင့်ပေ (၂၀)ထပ်ရှိ (Steel Structure) အဆောက်အအုံလည်းပါဝင်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးဇော်ဝင်း | ဦးယုအောင်(LL.B) (D.I.L) |
| ၁၂/သဃက(နိုင်)၁၁၆၆၆၈ | တရားလွှတ်တော်ရှေ့နေ |
| အမှတ် ၇၆၁၊ ငမိုးရိပ်(၂)လမ်း၊ | စဉ်-၆၃၉၂(၃-၄-၁၉၉၇) |
| ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ | အမှတ်-၈၃၊ ပထမထပ်၊ |
| ရန်ကုန်မြို့ | ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ |
| ဖုန်း-၀၉-၇၆၇၆၂၃၂၉၀ | ဖုန်း-၀၉-၇၆၇၃၄၁၂၁၃ |
| | ဒေါ်ချစ်သက်ပိုင်(LL.B) |
| | တရားလွှတ်တော်ရှေ့နေ |
| | စဉ်-၁၁၉၂၆(၃၁-၁-၂၀၁၇) |
| | အမှတ်(၂၅)၊ ပထမထပ်(ညာ)၊ |
| | ဂန္ဓာမာလမ်း၊ စမ်းချောင်းမြို့နယ် |
| | ဖုန်း-၀၉-၄၂၀၀၇၅၃၆ |

## တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်၊ အဿက(၂၄)လမ်း၊ အမှတ်(၈၉၇/က)၊ စတုတ္ထထပ်(ငါးလွှာ)၊ (၁၈x၅၁)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ရပ်ကွက်၊ အဿက (၂၄)လမ်း၊ မြေကွက်အမှတ် ၈၉၇/က၊ မြေပေါ်တွင်မြေရှင်နှင့်ကန်ထရိုက်တာတို့ ဆောက်လုပ်ထားသော တိုက်ခန်းများအနက်မှ ကန်ထရိုက်ပိုင် အခန်းဖြစ်သော (၅)ထပ်တိုက်၊ (၅)လွှာ၊ စတုတ္ထထပ် ၊ အကျယ်အဝန်း(၁၈x၅၁)ပေ ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုပိုင်ဆိုင်သူ ဦးအောင်ပြည့်အောင် ၁၂/ဗဟန(နိုင်)၀၉၃၆၅၀ မှ တာဝန်ယူရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူထွန်း ၉/လဝန(နိုင်)၁၁၁၅၁၁က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ဖြူဖြူထွန်း | ဒေါ်စုစုအောင်(LL.B) |
| ၉/လဝန(နိုင်)၁၁၁၅၁၁ | (စဉ်-၁၃၄၉၈/၂၀၁၇) |
| | တရားလွှတ်တော်ရှေ့နေ |

အမှတ်(၉၉၉)၊ သစ္စာလမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၇၇၈၉၄၀၂၀၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အခန်း၊ မြေ+အဆောက်အဦ၊ ဆောက်လုပ်ဆဲအဆောက်အဦ နှင့် သိုလှောင်ရုံ (၆)ခုတို့အား အိတ်ဖွင့် တင်ဒါခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ်စာချုပ်စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ် ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာ ကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅%တိုးမြှင့်၍ ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည် -

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊အမှတ်(၂၄၀)ဝင်းအတွင်းရှိ သိုလှောင်ရုံ (ဘီ) ပုံနှိပ်တိုက်၏ အနောက်ဘက်ခြမ်း (၆၀'x၄၀'x၁၄') အခန်း(၁)ခန်း။

Lot(2) ရန်ကုန်တိုင်းဒေသကြီး ၊ ပန်းဘဲတန်းမြို့နယ် ၊ လမ်း(၃၀)၊ အမှတ်(၃၈)ရှိ အခန်း (၂/ ၃) (၂၀'x ၃၀'x၁၅') အခန်း(၁)ခန်း။

Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် ၊ (၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁/က)ရှိ မြေ (၄၀'x၆၀')နှင့် ၎င်းမြေပေါ်ရှိ(၁)ထပ်လုံးချင်း (၂၇' x၂၅'x၁၂') အဆောက်အဦ(၁)လုံး။

Lot(4) မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ (၅၇)လမ်း၊ အကွက်(ဖ-၇) ၊ ဦးပိုင်အမှတ်(၃၂)ရှိ မြေ ၀ ဒသမ ၀၅၅၁ ဧကနှင့် ၎င်းမြေပေါ်ရှိ (၁)ထပ်လုံးချင်း (၃၆'x၂၆'x၁၃ဒသမ၆') အဆောက်အဦ(၁)လုံး။

Lot(5) ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ ကြူကုတ်(ပန်ဆိုင်း)မြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေ ၀ ဒသမ ၂၀၈ဧကေပေါ်ရှိ (၈၄'x၃၈'x၄၈') ဆောက်လုပ်ဆဲ (၄)ထပ် အဆောက်အဦ (၁)လုံး ။

Lot(6) စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွားကုန်းရပ်ကွက်၊ တမူးကုန်ချ ကွင်းအတွင်းရှိ (၁၀၀' x ၄၀' x ၁၄') သိုလှောင်ရုံ (၄)လုံး။

| | | |
|---|---|---|
| (ခ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၂-၁၂-၂၀၂၂ ရက်မှ ၂၆-၁၂-၂၀၂၂ရက်ထိ (ရုံးချိန်အတွင်း) |
| (ဂ) | **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၂၆-၁၂-၂၀၂၂ ရက်၊ (၁၅:၀၀)နာရီ |
| (ဃ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရုံးအမှတ် (၃) ၊ နေပြည်တော် |
| (င) | **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် ရက်/အချိန်** | - ထပ်မံဆက်သွယ်အကြောင်းကြားပါမည်။ |
| (စ) | **တင်ဒါတင်သွင်းဖွင့်ဖောက်မည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် |

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အခန်း၊ သိုလှောင်ရုံ၊ မြေနှင့်အဆောက်အဦများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၈၄၁၀ သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄(ကံဘဲ့)၊ မြေကွက်အမှတ်-၇/၃၀၊ ဦးချစ်ဝင်း အမည်ပေါက် မြေငှားစာချုပ်အမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက်(RC)အဆောက်အဦကြီးမှ အမှတ်(၃၁၇)၊ မြေညီထပ်(ခြေရင်းခန်း)၊ အရှေ့ဝါယာလက် (၃)လမ်း၊ (ကမ္ဘာအေး)၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သော ဧရိယာ (၁၇x၄၂)ပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ လျှပ်စစ်မီတာအပါအဝင် လက်ရှိထားနေထိုင်သုံးစွဲပိုင်ခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ၁-၁-၁၉၉၈ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စာချုပ်အရ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်၍ လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိသူ ကျွန်ုပ်၏အမှုသည် ဦးမောင်ဝင်း ၁၂/မရက(နိုင်)၁၁၁၃၆၆ ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန် ကြိုတင်အသိပေးကြေညာတားမြစ်ထားပါလျက် မလိုက်နာဖောက်ဖျက်ပျက်ကွက်ကြောင်း စုံစမ်းကြားသိရပါက ဥပဒေပါ အခွင့်အရေးများ တည်ရှိသည်နှင့်အညီ လိုအပ်သလို အရေးဆိုဆောင်ရွက်ပေးနိုင်ပါရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြိုတင်သတိပေးကြေညာအပ်ပါသည်။

**ဦးမောင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ- LRE Lawfirm**

| | |
|---|---|
| **တရားလွှတ်တော်ရှေ့နေများ** | **အထက်တန်းရှေ့နေများ** |
| ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀) | ဦးမင်းမင်း(စဉ်-၂၇၃၂၀) |
| ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃) | ဦးဇာနည်အောင်(စဉ်-၄၉၉၆၀) |
| ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄) | ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁) |
| ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉) | |
| ဒေါ်စုမြတ်နွယ်(စဉ်-၁၆၆၈၅) | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၅၁၈၁၁၈၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းဇော်လတ် ၁၃/တကန(နိုင်) ၁၅၁၅၆၇၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၇၂၂၁၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မရတနာငြိမ်းချမ်း ၂/လကန(နိုင်)၁၁၈၉၉၂၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၄၂၈၆၁

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ နေပြည်တော်တွင် အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံ၊ စိတ်ချမ်းချမ်းသာသာဖြင့် မိသားစုအလိုက် တစ်စုတစ်ဝေး နေလိုသူများအတွက် အဆင်သင့် နေထိုင်နိုင်သော တိုက်အိမ်အသစ်ကြီးရောင်းမည်။ နေပြည်တော် ကျောက်မျက်ဇုန်၊ ဟိုတယ်ဇုန်၊ ရွှေပြည်တော်ဝင်လမ်းအနီး၊ ကြေးမုံဆေးရုံအနီး၊ ဝေဒလမ်းမကြီးပေါ် အရှေ့အလှည့် မြေအကျယ်(120'x120') Sqft 8000 နီးပါး 2ထပ် RC တိုက်အသစ်၊ တစ်အိမ်လုံး ကျွန်းအပြည့်သုံးထား ကျွန်းပါကေး၊ ကျွန်းမျက်နှာကြက်၊ Master Bedroom (၅)ခန်း၊ ဧည့်ခန်းကျယ်(၂)ခန်း၊ Aircon (၁၁)လုံး၊ ဝန်ထမ်းနေရန် နေအိမ် (16'x28'6")အကျယ် 2ထပ်အိမ်(၁)လုံး၊ ကား(၆)စီးဆံ့ ကားဂိုဒေါင်၊ ဂါလန် (၁၆၀၀)ဆံ့ရေစင်၊ ရှေ့ခြံစည်းရိုး 12 ပေ အမြင့်၊ ပေ 30 အကျယ် ခြံအဝင်လမ်း ပတ်ဝန်းကျင်ကောင်း၍ မိသားစုများများ နေထိုင်ရန် အထူးသင့်လျော်ပါသည်။ ဂရန်မြေ၊ ခြံရှေ့တွင် မြေကွက်လပ် အကျယ် (100'x120') အပို ပါရှိပါသည်။

**ကျပ်သိန်း(15000)ညှိနှိုင်း**

၂။ သန်လျင်အမှတ်(၂)တံတားထိပ်၊ ကုလားဝဲရွာထဲရှိ မြေအကျယ် (20'x50') မြေကွက်များ ရောင်းရန်ရှိသည်။ ခြံခတ်ပြီး ကိုယ်ပိုင် ကွန်ကရစ်လမ်းကျယ်ခင်းထားပါသည်။

**၁ ကွက် - ကျပ်သိန်း (250)**

၃။ ပဲခူးမြို့၊ VIP ရပ်ကွက်၊ မြေအကျယ် (100'x100') တစ်ထပ်တိုက် (၁)လုံးပါ အုတ်တံတိုင်းခတ်ပြီး၊ ရုံးပေါင်းစုံအနီး၊ ဆည်မြောင်းဝင်းဘေး အေးအေးချမ်းချမ်းနှင့် ပတ်ဝန်းကျင်ကောင်းကောင်း၊ ခြံကျယ်ကျယ်တွင် နေလိုသူများအတွက်။

**ကျပ်သိန်း (950)**

၄။ ဆယ်အိမ်တန်းကမ်းခြေ၊ ဘန်ဂလို(၁၅)လုံး၊ စားသောက်ခန်းမ(၁)ခု၊ ဆီဆိုင်၊ ဝန်ထမ်းလိုင်းခန်းပါ ဧည့်ရိပ်သာ၊ အဆောက်အအုံဖိုးပဲရှိပါသည်။ ယခုအချိန်ဘယ်လိုမှမဆောက်နိုင်တော့ပါ။ ပစ္စည်းဈေးများ၊ လုပ်အားခဈေးများ သယ်ယူစရိတ်များ တက်နေသောကြောင့်ဖြစ်ပါသည်။ ဈေးသက်သာစွာနှင့် ရင်းနှီးမြှုပ်နှံထားပြီး ငွေမကိုင်ထားလိုသူများအတွက်။

**ကျပ်သိန်း(12000)ညှိနှိုင်း**

Ph: 09-5178979, 09-451146685, 09-43022828, 09-776187674, 09-263699715

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ စမ်းသီတာ၊ အကွက်အမှတ် (၆၆)၊ ဦးပိုင်အမှတ် ၅၃၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ ဂရန်မြေအား ဒေါ်ခင်လေး (အိုင်အက်စ်အန်-၄၆၆၉၅၄) အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့်ဒေါ်ခင်မျိုးနွယ် ၃/ဘအန(နိုင်)၀၀၀၂၆၀ မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ ယခုအခါ ဒေါ်ခင်မျိုးနွယ်မှ ဂရန်ပိုင်ဆိုင်မှု အမည်ပြောင်းလဲခြင်း၊ ဂရန်သက်တမ်းတိုးခြင်းများဆောင်ရွက်မည်ဖြစ်သောကြောင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ပိုင်ရေးဆိုင်ခွင့်ကိစ္စများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးနွယ် ၃/ဘအန(နိုင်)၀၀၀၂၆၀**
**အမှတ် (၁၀)ရပ်ကွက်၊ အေးသာယာ၊ တောင်ကြီးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇၀

| | | |
|---|---|---|
| ဒေါ်အေးနွဲ့ | နှင့် | ဦးအေးသန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ကြည်လှ) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြား၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်နေ (ဘ)ဦးမောင်မြင့်၏သားဖြစ်သူ ဦးအေးသန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ကြည်လှ (ဘ)ဦးအုံးမောင်) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်အေးနွဲ့က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဖဖ-၄)၊ ဦးပိုင်အမှတ် (၇၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧကေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အမည်ပြောင်း

အောင်ပန်းမြို့၊ ရပ်ကွက်(၄)နေ ဦးမျိုးမွန်ဆွေ ၁၃/ကလန(နိုင်)၀၈၂၃၇၇၏သား မောင်ခန့်လင်းသစ်အား ယနေ့မှစ၍ မောင်အောင်ခေတ်ဇေ ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်မှန်

ပြင်ဦးလွင်မြို့၊ VEA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10မှ (ဘ) ဦးဝါဝင်း ၈/ပဖန(နိုင်) ၁၄၉၂၃၃၏ သားဖြစ်သူ မောင်ကြင်နာဦး၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မောင်ဝင်းထက်အောင် ဖြစ်ပါသည်။ **မောင်ဝင်းထက်အောင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/ 5634 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/ 67737 Zong Shen 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကျော့မို့မို့သူ ၉/ခမစ(နိုင်)၀၁၇၈၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါကျင်းပမည့်ရက်ကြော်ငြာခြင်း
## အိတ်ဖွင့်တင်ဒါအမှတ် (၂/၂၀၂၂-၂၀၂၃)
## လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သန်လျင်ခရိုင်မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွင်းပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်းနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများ၏ အိတ်ဖွင့်တင်ဒါ (Open Tender) ကျင်းပမည့်ရက်အား ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်** | - | ၁၅-၁၂-၂၀၂၂ရက်၊ ကြာသပတေးနေ့၊ မွန်းတည့် ၁၂:၀၀နာရီ |
| ၃။ | **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - | ၁၆-၁၂-၂၀၂၂ရက်၊ သောကြာနေ့၊ နံနက် ၁၀:၀၀နာရီ |
| ၄။ | **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သန်လျင်ခရိုင် |

၅။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆၊ ၀၉-၄၅၀၀၂၄၅၇၃၊ ၀၉-၇၉၉၄၂၅၁၇၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉၅

ဦးတင်မောင်မောင်ကျော် **နှင့်** ၁။ ဦးလှကြူး
၂။ ဒေါ်နှင်းနှင်းယု

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ်(၂၃၆)နေ (၁) တရားပြိုင် ဦးလှကြူး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက" ပဋိညာဉ်အတိုင်း မြေနှင့်အိမ်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် (၁၃၈၄ခုနှစ် ပြာသိုလဆန်း ၅ ရက် ) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ- ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၈

ဦးတင့်လွင်ဦး **နှင့်** ဦးခင်မောင်စန်း
(၎င်း၏အထွေထွေ
ကိုယ်စားလှယ်စာရသူ ဦးကျော်မိုး)

**တရားလို** **တရားပြိုင်**

ဦးသန်းညွန့်၏သားဖြစ်သူ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၉ နေ ဦးခင်မောင်စန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင့်လွင်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်မိုး)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၈)၊ ဦးပိုင်(၁၄၁)၊ ရေိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်း၏ ရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေးဝါးများကို ၂၀၂၂-၂၀၂၃ နိုင်ငံတော်ခွင့်ပြု ဘဏ္ဍာငွေမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့် တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါအမှတ်** | - | ၂/၂၀၂၂ |
| | **တင်ဒါတင်သွင်းလွှာပုံစံရောင်းချမည့်ရက် နှင့်အချိန်** | - | ၁၄-၁၂-၂၀၂၂ ရက်၊ နံနက် ၉:၀၀ နာရီ |
| | **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၂၇-၁၂-၂၀၂၂ ရက်၊ ညနေ ၄:၀၀ နာရီ |
| | **နမူနာပစ္စည်းများအပ်နှံရမည့်ရက်** | - | တင်ဒါတင်သွင်းသည့်နေ့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါ / ဆေး၊ ဆေးပစ္စည်းများ**
**ဝယ်ယူရရှိဆောင်ရွက်ရေး**
**လုပ်ငန်းကော်မတီ**

## အများသိစေရန်အသိပေး ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်း/ အကွက်အမှတ်(၉၇-စမ်းကြီး)၊ ဦးပိုင်အမှတ်(၄၅/ ခ)၊ မြေဧရိယာ ၀ ဒသမ ၃၈ ဧကရှိဘိုးဘပိုင်မြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးအောင်သန်းမြင့်၏ အမွေထိန်းစာလက်မှတ်ရရှိသူ ဒေါ်မြင့်မြင့်ရီထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၂၃၉/၂၀၂၂) အရ စာချုပ်ချုပ်ဆိုကာ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၅၃/ဘိုးဘ/ ၂၀၂၂-၂၀၂၃ အရ ဦးအောင်သန်းမြင့်အမည်မှ ဦးကျော်သက်၊ ဒေါ်ချိုချိုစန်းတို့၏ အမည်သို့ အမည်ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည် ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃ (၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ လှာကဒေါင်ရပ်ကွက်၊ မိုးကုတ်လမ်း၊ မြေကွက်အမှတ် (၁၁၇၅)၊ မြေကွက်အမည်(မရမ်းကွင်း)၊ ဦးပိုင်အမှတ်(၈)၊ မြေချိန်ဧရိယာ ၁ဒသမ ၃၀ ဧကထဲမှ အလျားပေ(၃၀) x အနံပေ(၈၀)အကျယ် အဝန်းရှိမြေကွက်နှင့် ယင်းမြေ၏ ပူးတွဲဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်သီတာ ၃/ဘအန(နိုင်)၁၄၀၉၆၁ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်ထံမှ စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပိုင်ဖြိုးကျော်**
**၁၂/စခန(နိုင်)၀၇၆၁၅၀**
**အမှတ်(၅)၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့**
**ဖုန်း-၀၉-၄၅၇၅၆၂၃၀၈**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၄)နေ မအိဖြိုးဝင်း ၁၃/လရန(နိုင်)၁၆၁၂၅၈ ၏ဖခင်အမည်မှန်မှာ ဦးနေဝင်း (ခ) ဦးမြင့်ငွေ ၁၃/လရန(နိုင်)၀၁၉၀၂၈ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်ကျော်ထွန်း ၂/ဒမဆ(နိုင်)၀၄၁၃၇၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၁၉၅၆၅၄၄**

## ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁ ၊ နည်းဥပဒေ-၂၂)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံး၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၁ နှင့် ဆက်စပ်သည့်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၇၆

ဒေါ်နန်းအေးခိုင် **နှင့်** ဦးဝမ်းကျော်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးသာဒွန်းစိန်၏သားဖြစ်သူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၂၄)၊ ကဉ္စဏမဟီရပ်ကွက်၊ ၃၀x၃၁ လမ်းကြား၊ ၇၇x၈ လမ်းကြားနေ ဦးဝမ်းကျော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်နန်းအေးခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက် (၁၃၈၄ ခုနှစ် နတ်တော်လကွယ်နေ့)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ် - ၂ /၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ( ၂ )ရက်
၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ( ၉ )ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | နည်းပြ (စိုက်ပျိုးရေး/ လက်ထောက်ဥယျာဉ်အုပ်) နည်းပြ(မွေးမြူရေး) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၉)နေရာ | B.Agr.Sc ဘွဲ့ရ B.V.Sc/B.A.Sc ဘွဲ့ရ |
| (၂) | ဒုတိယနည်းပြ (စိုက်ပျိုးရေး/မွေးမြူရေး) (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၁၃)နေရာ | B.Agr.Sc/B.A.Sc ဘွဲ့ရ |
| (၃) | ဒုတိယနည်းပြ(သိပ္ပံ) (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၂)နေရာ | B.Sc(Physics)/ B.Sc(Maths;)/ B.A(English) ဘွဲ့ရ |
| (၄) | ဒုတိယလက်ထောက်ဦးစီးမှူး (ကွင်းဆင်းလက်ထောက်) (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၇) နေရာ | B.Agr.Sc ဘွဲ့ရ/ Dip.Agri အောင်လက်မှတ်ရ |
| | စုစုပေါင်း | (၇၁)နေရာ | |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁-၁၂-၂၀၂၂)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင် သူဖြစ်ရမည်။
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်း အမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါ အထောက်အထားများပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ (၃-၁-၂၀၂၃)ရက်နေ့အရောက် ပေးပို့လျှောက်ထားရမည်-
(က) အောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (လူတွေ့ စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရန်)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(စ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက် မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာ များနှင့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အမှတ်စဉ် (၁)/(၂)/(၃) ရာထူးများအတွက် အရည်အချင်းစစ်ရေးဖြေ စာမေးပွဲကို စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)တွင် မြန်မာစာ၊ အထွေထွေ ဗဟုသုတ၊ အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင် (၂)နာရီဖြင့် အောက်ပါ နေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်။ ယင်းရာထူးများအတွက် ရေးဖြေ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို (၁၃- ၁ -၂၀၂၃)ရက်နေ့တွင် နေပြည်တော် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)တွင် ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၁၄-၁-၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀နာရီထိ) |
| (ခ) | အထွေထွေဗဟုသုတ | (၁၄-၁-၂၀၂၃) | (၁၃:၀၀နာရီမှ ၁၅:၀၀ နာရီထိ) |
| (ဂ) | အင်္ဂလိပ်စာ | (၁၅-၁-၂၀၂၃) | (၁၀:၀၀နာရီမှ ၁၂:၀၀ နာရီထိ) |

၇။ အမှတ်စဉ်(၄)ရာထူးအတွက် အရည်အချင်းစစ်ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော် စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ပါ၍ မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည် ဖြစ်သည်။ ယင်းရာထူးများအတွက် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို (၁၄-၁-၂၀၂၃) ရက်နေ့ (နံနက် ၁၀:၀၀ နာရီ)၌ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော (၂)နာရီမေးခွန်းဖြင့် ဖြေဆို ရမည်ဖြစ်သည်။

၈။ ယင်းရာထူးများအတွက် ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၃-၁-၂၀၂၃)ရက်နေ့တွင် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ်(၄၃)၊ စိုက်ပျိုး ရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာ ဌာနစိတ်(၇)၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ် (၁၀)ပါ ဖုန်းနံပါတ်များကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၄၁၀၃၂၅၊ ၀၆၇-၄၁၀၅၁၇၊ ၀၆၇-၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ဖျာပုံမြို့နယ်၊ အလက (ဗျိုင်းကဇီး)၊ တတိယတန်းမှ မောင်ချမ်းငြိမ်းသန့်၏ ဖခင် အမည်မှန်မှာ ဦးသိန်းထိုက်အောင် ၉/အမရ(နိုင်)၁၆၀၅၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၁)၊ Grade-1 တန်းမှ မပန်းအိဟိန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၁၀/မလမ(နိုင်) ၂၁၄၉၅၉ ဖြစ်ပါကြောင်း။

**ဦးသန်းဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/ 68365 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မာ ၉/စကတ(နိုင်)၀၄၄၇၇၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1 G/ 1322 SKAT LFJ 3048G1 Dump Truck (4X2) L ယာဉ်လက်ဝယ်ရှိသူ ဦးလှဝင်းအောင် ၅/စကန(နိုင်)၂၆၄၄၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ် (၂၉၉/ခ)၊ ဧရိယာ ပေ(၂၀ x ၆၀)၊ မြေကွက်တည်နေရာ ၂၉၉/ခ၊ အနော်မာ (၁၉)လမ်းအရှေ့၊ ၂/မြောက်ရပ်ကွက်၊ သာကေတ မြို့နယ်၊ ဦးတင်မြင့် ၁၂/သကတ (နိုင်)၀၁၂၄၃၉၊ ဒေါ်ခင်ခင်ဝေ ၁၂/သကတ(နိုင်)၁၀၅၈၄၃ အမည် ပေါက်နှစ်(၆၀)ဂရန်မြေအား အမည် ပေါက်တစ်ဦးဖြစ်သူ ဦးတင်မြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ခင်ခင်ဝေမှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း အမွေ ဆက်ခံသူဖြစ်ကြောင်းနှင့် အခြား အမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦး တစ်ယောက်မျှ မရှိပါကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ ဦးတင် မြင့်၏ သေစာရင်း၊ နှစ် (၆၀)ဂရန် မူရင်း၊ အိမ်ထောင်စုဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများ ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ် – ၃/၂၀၂၂
## ၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော်( ၂ )ရက်
## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ( ၉ )ရက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (၁) | ဒုတိယလက်ထောက်ဦးစီးမှူး (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | (၈၃၁)နေရာ | B.Agr.Sc ဘွဲ့ရ/ Dip.Agri အောင်လက်မှတ်ရ |

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၃၁– ၁၂– ၂၀၂၂)ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်သို့ (၃–၁–၂၀၂၃)ရက်နေ့ အရောက် ပေးပို့လျှောက်ထားရမည်–
(က) အောင်လက်မှတ်မိတ္တူ(လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (လူတွေ့စစ်ဆေးခြင်းဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)
(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်းရိုက်ကူးထားသော နောက်ခံအနီရောင် လိုင်စင်ဓာတ်ပုံ(၂)ပုံ(နောက်ကျောတွင်အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား အမှတ်ရေးသားဖော်ပြရန်)
(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(စ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

၄။ လျှောက်လွှာများကို နေပြည်တော်၊ ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)နှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးများတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များပြည့်စုံစွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၆။ အရည်အချင်းစစ်ရေးဖြေစစ်ဆေးခြင်းကို နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သောကြောင့် မိမိတို့ဖြေဆိုမည့် စာစစ်ဌာန(၁)ခုကို ဖော်ပြလျှောက်ထားရမည်ဖြစ်ပြီး အဆိုပါ စာစစ်ဌာန၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

၇။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား (၂)နာရီမေးခွန်းဖြင့် နေပြည်တော်စာစစ်ဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်စာစစ်ဌာနများတွင် (၁၄–၁–၂၀၂၃) ရက် (နံနက် ၁၀:၀၀ နာရီ)၌ ဖြေဆိုရမည်ဖြစ်သည်။

၈။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၃–၁–၂၀၂၃ရက်တွင် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင် ဖြေဆိုသူများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၌လည်းကောင်း၊ နေပြည်တော်စာစစ်ဌာနတွင် ဖြေဆိုသူများအနေဖြင့် ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မူဝါဒ၊ စည်းမျဉ်းနှင့် ဝန်ထမ်းရေးရာဌာနခွဲ၊ ဝန်ထမ်းရေးရာဌာနစိတ်(၇)၌ လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၉။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး သိရှိစုံစမ်းလိုပါက စိုက်ပျိုးရေးဦးစီးဌာန Website www.doa.gov.mm နှင့် အပိုဒ်(၁၀)ပါ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ်– ၀၆၇–၄၁၀၃၂၅/ ၀၆၇–၄၁၀၅၁၇/ ၀၆၇–၄၁၀၁၄၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စမ်းချောင်းမြို့နယ်နေ ကျွန်မ ဒေါ်မြင့်မြင့်ကြည်၏သား မောင်မြင့်ကျော်ကျော် ၁၂/ဒဂရ(နိုင်)၀၂၂၈၃၇ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၁–၆–၂၀၂၂ရက်မှစ၍ နေအိမ်မှဆင်းသွားပြီး အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေကြေးကိစ္စ စသော မည်သည့် ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်–**
**ဒေါ်မြင့်မြင့်ကြည် ၁၂/စခန(နိုင်)၀၀၂၃၄၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## (အိတ်ဖွင့်လေလံ ခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မုပွန်(စတို)ရှိ HDBC ကြေးကြိုးအဟောင်း(ဆိုဒ်စုံ)အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| (က) | **လေလံပုံစံ စတင်ရောင်းချမည့်ရက်** | – ၁၃–၁၂–၂၀၂၂ ရက်၊ အင်္ဂါနေ့ |
| (ခ) | **လေလံပိတ်ရက်/ပိတ်ချိန်** | – ၁၆–၁၂–၂၀၂၂ ရက်၊ ၁၆:၀၀ နာရီ |
| (ဂ) | **လေလံဖွင့်ဖောက်မည့်ရက်/အချိန်** | – ၂၀–၁၂–၂၀၂၂ ရက်၊ ၁၀:၀၀ နာရီ |
| (ဃ) | **လေလံပုံစံ ရောင်းချမည့်နေရာ** | – မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး |
| (င) | **လေလံဖွင့်ပွဲ ပြုလုပ်မည့်နေရာ** | – မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အစည်းအဝေးခန်းမ |

အသေးစိတ်အချက်အလက်များကို အောက်ပါတို့တွင် စုံစမ်းနိုင်ပါသည်–

**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
ဖုန်း–၀၉–၇၈၈၅၃၉၆၈၈၊ ၀၉–၄၂၈၇၂၅၅၇၁၊ ၀၅၇–၂၀၂၄၈၁၅

## လုပ်ငန်းအမှတ်တံဆိပ် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မဟာဘောဂလမ်း၊ အမှတ်(၂၂) တွင်နေထိုင်သော ဦးဇော်မျိုးထွန်း ၁၂/ဗဟန(နိုင်)၀၉၈၁၀၇အနေဖြင့် အောက်ဖော်ပြပါအမှတ်တံဆိပ်၏ မူလတီထွင်ဖန်တီးသူ အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ပါသည်။ ရန်ကုန်မြို့၊ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း စာချုပ်အမှတ်–၄/၉၆၇၅/၂၀၂၂ အနေဖြင့်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

**(မှတ်ပုံတင်အမှတ်–၄/၉၆၇၅/၂၀၂၂)**

